ကြေးမုံ
The Mirror
၁၃ဂ၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့၊ (19-5-2009) (၆၀၄၃)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များ၏ ပံ့ပြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မေ ၁၂ ရက် နံနက်ပိုင်းတွင် ဖောင်းပြင်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ပံ့ပြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖောင်းပြင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဗန်တီးနိုင်မှုစွမ်းအားသည့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးကုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယင်းနောက် ဖောင်းပြင်မြို့ ကျွန်းရွှေဝါရပ်ကွက်၌ ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ခရိုင်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကိုမှာကြား၍ ထိန်းသိမ်းပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် ဖောင်းပြင်မြို့ ကုန်းအောက်တောင်ရွာ အမှတ်(၁၄) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်တို့က

စာမျက်နှာ ၃ ကော်လံ ၁ သို့

ပီလောပီနံပြင့် နိုင်ငံခြားဝင်ငွေရှာပွေပေးနိုင်တော့မည့် ကျင်ပြည်နယ်မှ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်း

ယုဇန ဘက်စုံစိုက်ပျိုးရေးစခန်းသို့ ပထမအခေါက် ရောက်ဖြစ်စဉ်ကပင် သတင်းဆောင်းပါးရေးသားရန် စိတ်အားထက်သန်ခဲ့သည်။ သို့သော်လည်း အချိန်မအားလပ်သည်ကတစ်ကြောင်း၊ အချက်အလက် ပြည့်ပြည့်စုံစုံ ဖြစ်ချင်သည်ကတစ်ကြောင်းမို့ လက်တွေ့ ချမရေးဖြစ်ခဲ့ချေ။

ပထမအခေါက်နှင့် တစ်လခန့်သာခြားပြီး ဒုတိယအခေါက် ရောက်ဖြစ်သောအခါ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတစ်ခုလုံးကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုလေ့လာခွင့် ရရှိခဲ့ရာ စီမံကိန်း၏ ပမာဏကျယ်ပြန့်ကြီးမားမှုကို ပိုပို၍ သဘောပေါက်နားလည်ခဲ့ရသည်။

ပထမအခေါက် ရောက်စဉ်က တစ်မျှော်တစ်ခေါ် ကြည့်ရှုရ၍ မဆုံးနိုင်သော ပီလောပီနံ စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုခွင့် ရရှိခဲ့ရာ အလွန်ပင် အားရကျေနပ်ခဲ့မိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းတွင် အသုံးပြုရန် အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတင်သွင်းထားသော John Deere ကုမ္ပဏီက ထုတ်လုပ်သည့် ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များကို ဤသို့တွေ့ရသည်။

သတင်းဆောင်းပါး တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ ကျော်ဆွေမိုး(ပြန်/ဆက်)

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပီလောပီနံပင်များကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

ကြေးမုံ The Mirror
၁၉-၅-၂၀၀၉
(အင်္ဂါနေ့)

မုန်တိုင်းနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင် သတိပြု ကာကွယ်

မြန်မာနိုင်ငံတွင် ဧပြီလလယ်မှ မေလလယ်အထိသည် မိုးကြိုကာလ ဖြစ်သည်။ တိမ်တိုက်ကြီးများ တစ်နေရာတည်းတွင် စုစည်းပြီး ပုံကျမိုးများ ရွာသွန်းတတ်သည်။

မေလ၁၇ရက်နေ့မိုးလေဝသတိုင်းထွာချက်များအရ အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်း ဒေသများသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ကမ်းလွန်ပင်လယ်ပြင်တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်ကြောင်း သိရသည်။

မေလအတွင်း မိုးဦးလေဦးကာလတွင် မိုးသက်လေပြင်းများ တိုက်ခတ် နိုင်သဖြင့် အဆောက်အအုံဟောင်းများ၊ သစ်ပင်ကြီးများ အနီး အနားတွင် နေထိုင်သူများနှင့် ပြည်တွင်းရေကြောင်းသွားသဘော်များ အန္တရာယ်မဖြစ်ပေါ် စေရေး အထူးဂရုပြုကြရမည်ဖြစ်သည်။

သင်္ဘောများ ရေကြောင်းသွားလာနေစဉ် မိုးတိမ်တောင်ကြီးများ တွေ့ပြင်ရပြီး မိုးခြိမ်းသံကြားခြင်း၊ ဝေးနေသော်လည်း လျှပ်စီးလက်ခြင်း တို့ ဖြစ်ပေါ် လာပါက ညနေပိုင်းများတွင် စိုက်ဆင်းလေပြင်းမျိုး တိုက်ခတ် နိုင်ကြောင်းသတိပြုသင့်ပေသည်။ သင်္ဘောခုတ်မောင်းနေစဉ် မိုးကာကြိုး များခွဲထားခြင်း၊ သတ်မှတ်ကုန်ခိုန်ထက် ပိုမိုတင်ဆောင်ခြင်းတို့သည် လေပြင်းဆောင့်တိုက်ပါက တိမ်းမှောက်သွားနိုင်သဖြင့် ကြိုတင်ပြင်ဆင် ကာကွယ်မှုများ၊ အသိပညာပေးမှုများ ပြုလုပ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မုန်တိုင်းရာသီနှစ်ခိုန်ခိုန်ပြီး မိုးကြိုကာလ (ဧပြီလ လယ်မှ မေလလယ်အထိ)နှင့် မိုးလွန်ကာလ (အောက်တိုဘာလ၊ နိုဝင်ဘာ လ)တို့၌ မုန်တိုင်းများ ဝင်ရောက်နိုင်ကြောင်းသိရသည်။ မြန်မာ့ ကမ်းရိုး တန်းတစ်လျှောက်တွင် နေထိုင်ကြသူ ဒေသခံပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို ဂရုတစိုက် နားထောင်ကြရမည်ဖြစ်သည်။ ထို့အပြင် မုန်တိုင်းဒဏ်ခံအဆောက်အအုံကို ကြိုတင်သတ်မှတ်ခြင်း၊ ယင်း နေရာသို့ ဘေးအန္တရာယ်အကင်းရှင်းဆုံးနှင့် အမြန်ဆုံးရောက်ရှိနိုင်သည့် လမ်းကြောင်းကို ကြိုတင်ရှာဖွေသိရှိထားခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်း များကို ကြိုတင်ပြင်ဆင်လေ့ကျင့်ခြင်းများ ဆောင်ရွက်ထားကြရမည် ဖြစ်သည်။

အကယ်၍ မုန်တိုင်းကျရောက်လာပါက လျှပ်စစ်မီးလိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ ပြတ်တောက်ခြင်း၊ လေပြင်းဒဏ်ကြောင့် မိမိမှီခိုရာ အဆောက်အအုံနေအိမ်မှ ကျိုးပဲ့သံများနှင့် ပြိုကျနိုင်သည့်အနေအထားမျိုး တွေ့ရှိလာပါက မွေ့ရာ၊ ကော်ဇော၊ စောင် စသည့် ထူထဲသောအင်္ကျီ အောက်တွင် ခိုလှုံနေခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လေကြောင်း၊ ရေကြောင်းပို့ဆောင်ရေးဌာနဆိုင်ရာများ၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးယာဉ်များ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများ၊ ပြည်သူများအနေဖြင့် မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လက်တွဲညီညီ ဆောင်ရွက်သွားကြရ မည်ဖြစ်ပါသည်။ ။

သူနာပြုစွမ်းရည်မြှင့်ပွဲများနှင့်ကျောင်းကြက်ခြေနီသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၈

၂၀၀၉ခုနှစ် မေ ၈ရက် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ကြက်ခြေနီ သူနာပြုစွမ်းရည်မြှင့်ပွဲများကို ပဲခူးတိုင်း ကြက်ခြေနီအသင်းက ကြီးမျူးကျင်းပရာ ကြက်ခြေနီသူနာပြု စွမ်းရည်မြှင့်ပွဲ ဖွင့်ပွဲသို့ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဦး တက်ရောက်၍ အမှာစကားပြောကြားပြီး မင်းလှ၊ စိန်ကန့်လန်၊ စစ်ကွင်းနယ်မြေတပ်ခွဲသုံးခွဲမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ နွေရာသီကျောင်းပိတ်ရက် ကျောင်းကြက်ခြေနီ ရှေးဦးပြုစုနည်း (အခြေခံအဆင့်) သင်တန်း အမှတ်စဉ် (၁-၂-၃/၂၀၀၉)ဆင်းပွဲနှင့် ထူးချွန်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို အထက်မြို့တွင်းကျောင်း သမြေခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်က အဖွင့်အမှာ စကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပေးပို့သော သဝဏ်လွှာအား မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာအေးအေးသန့်က ဖတ်ကြားပြီး သင်တန်း ဆင်းလက်မှတ်များ၊ သင်တန်းထူးချွန်ဆုများ၊ စွမ်းရည်မြှင့်ပွဲထူးချွန်ဆုများကို မြို့နယ် ဥက္ကဋ္ဌ၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)



ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုထိန်နိုး အဆိုးမြင်ပါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဟင်္သာတမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် မေ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့တ ဆောင်ရွက်ခဲ့သည့် ပခန်းဆိပ်ကမ်းလမ်း ကျေးလက်ကျောက်ခြောခင်း လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါလမ်းသည် အရှည်ပေ ၂၇၂၀၊ အကျယ် ၁၂ပေ ရှိပြီး ဟင်္သာတမြို့ပေါ်ရှိ ရပ်ကွက်(၂၈)ရပ်ကွက် နှင့် ကျေးရွာရှစ်ရွာတို့မှ ပြည်သူ့ခြောက်သောင်းကျော် ပခန်းဆိပ်ကမ်းသို့ ရာသီမရွေး အဆင်ပြေလွယ်ကူစွာဆက်သွယ် သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ရွှင်လင်းမြသ

ဆက်လက်၍ ဝန်ကြီးသည် ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးအတွက် LED မီးအိမ် ၅၀နှင့် ဂျင်နရေတာ မီးအားသွင်းစက်၊ အားသွင်း ခလုတ်ခဲ့တို့ကို ထောက်ပံ့ပေးအပ်ပြီး စွန့်ပစ်ပစ္စည်းသုံး ဘက်ထရီ ပြုလုပ်နည်းနှင့် မီးထွန်းနိုင်မှုတို့ကို ရှင်းလင်းပြသသည်။

ထို့နောက် ဝန်ကြီးသည် ဟင်္သာတ မြို့နယ် အလယ်စုကျေးရွာ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် နှတ်မှော်ကျေးရွာ၌ ကျေးလက်ဒေသ မီးလင်းရေး စွန့်ပစ်ပစ္စည်းသုံး ဘက်ထရီ ပြုလုပ်အသုံး ပြုနည်းတို့ကို ရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ ဝန်ကြီးသည် ဟင်္သာတ မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများရှိ အဝေးပြ တွင်းများနှင့် ရေကန်ငယ်များ၊ ရွာသာ ကုန်းနှင့် တန်းလျားကြီးရပ်ကွက်များရှိ စက်ရေတွင်းများကို ကြည့်ရှုစစ်ဆေးပြီး စွန့်ပစ်ပစ္စည်းသုံး ဘက်ထရီဖြင့် လျှပ်စစ်မီး ထွန်းနိုင်မှုကို လက်တွေ့ရှင်းလင်းပြသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် စစ်ပင် ကျေးရွာ၌ စစ်ပင်၊ တာဝွေ၊ ကြုံတုန်း၊ ဇီးကုန်း၊ ချောင်းဖျား၊ လယ်တန့်နှင့် အေးမ ရွာများမှ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ ကာ စွန့်ပစ်ပစ္စည်းသုံး ဘက်ထရီ ပြုလုပ် နည်းဖြင့် လျှပ်စစ်မီး ထွန်းနိုင်မှုတို့ကို လက်တွေ့ပြသခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဟင်္သာတမြို့ ပခန်းဆိပ်ကမ်းလမ်း ကျေးလက်ကျောက်ခြောခင်းလမ်း ဖွင့်ပွဲအခမ်းအနားတွင် လမ်းသစ်တစ်လျှောက် မြက်သန်းကြည့်ရှုစဉ်။ (လယ်/ဆည်)

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၈

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက်တွင် အဆိုပါ အဆောက်အအုံ၌ ကျင်းပရာ ဝန်ထမ်းဌေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံသစ်ကိုလည်း မော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ထမ်းဌေးချယ် လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ပါမောက္ခ ချုပ် ဦးအောင်ဆန်းဝင်းတို့က အဆောက် အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြသည်။ ဖွင့်ပွဲအပြီးတွင် ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ် စာကြည့် တိုက်အတွင်း လှည့်လည် ကြည့်ရှုကြပြီး အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြ သည်။ **(အပေါ်ပုံ)**

အဆိုပါ တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံသစ်မှာ နှစ်ထပ်ဖြစ်ပြီး အလျားပေ ၂၀၀၊ အနံပေ ၄၀၊ အောက် ထပ်အမြင့် ၁၂ပေ၊ အပေါ်ထပ်အမြင့် ၁၄ ပေ နှင့် အကျယ်အဝန်းအားဖြင့် ၁၇၃၄၄ စတုရန်းပေ ဖြစ်ကာ နိုင်ငံတော် ၏ ခွင့်ပြုငွေကျပ် ၁၉၇၃ ဒသမ ၈ သိန်း အကုန်အကျနဲ့ ဆောက်လုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးသတ်တပ်ဖွဲ့ နေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၈

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအေးလွင်နှင့် အဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက် ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးမှူး ဦးမိုးဆွေက (၆၃) နှစ် မြောက် မီးသတ်တပ်ဖွဲ့နေ့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ စစ်ရေးပြ ပုံစံဖြင့် အလေးပြုချီတက်ကြသည်။

ထို့နောက် စက်ကြီးလေ့ကျင့်နှင်းများ လက်တွေ့သရုပ်ပြခြင်း၊ လက်တွေ့မီးငြိမ်း သတ်ပုံများသရုပ်ပြပြီး ဆုရရှိသော အရန် တပ်ဖွဲ့ဝင်တို့အား ဆုများကိုသက်ဆိုင်သူ တို့က အသီးသီးချီးမြှင့်လိုက်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၃၀)

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၈-၂၀၀၉ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို မေ ၁၆ရက်က အထက(၁) စုဝေးခန်းမ၌ တိုင်းပရာ သဘာပတိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးတော်ဗဟိုဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မြင့် (ဇြစ်မ်း) အမှာစကား ပြောကြားစဉ်။ (၃၂)

ရွှေဝိုင်းမှ

ကျောင်းဆောင်သစ်မှခံဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်နေ့က ဒုတိယဝိုလ်ချုပ်ကြီးသာအေး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကုံကော်ပင်နှင့် ပိတောက်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ဒုတိယဝိုလ်ချုပ်ကြီးသာအေးက နိုင်ငံတော်နှင့် ဒေသခံပြည်သူများ၏ ပေါင်းစည်းညီညွတ်မှုကြောင့် ယခုကဲ့သို့ ကျောင်းဆောင်သစ်တစ်ခု ပေါ်ထွန်းလာခြင်းဖြစ်ကြောင်းနှင့် ပညာရေးဆိုင်ရာများကို ရှင်းလင်းမှာကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းပညာရေးမှူးက လက်ခံသည်။

ယင်နေ့က ဒုတိယဝိုလ်ချုပ်ကြီးသာအေးက ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများကို တာဝန်ခံကျောင်းအုပ်ထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝိုလ်ချုပ်ကြီးသာအေးသည် ဖောင်ပြင်မြို့နယ် ဟော်စောင်းကျေးရွာမှ ဒေသခံပြည်သူများအားတွေ့ဆုံပြီး လိုအပ်သည်များကို မေးမြန်းကာ ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေးတို့နှင့်ပတ်သက်သည့် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဖောင်ပြင်-ပင်လည်ဘူး ကားလမ်းသို့ ရောက်ရှိရာ လမ်းလုပ်နှံးဆိုင်ရာများကို ကသာခရိုင် ဥက္ကဋ္ဌ၊ တိုင်းအင်ဂျင်နီယာမှူးနှင့် ခရိုင်အင်ဂျင်နီယာမှူးတို့က ရှင်းလင်းတင်ပြကြပြီး ဒုတိယဝိုလ်ချုပ်ကြီးသာအေးက လမ်းများအခြိန်မီပြီးစီးရေး မှာကြားသည်။

ယင်နေ့က ဒုတိယ ဝိုလ်ချုပ်ကြီးသာအေးသည် ပင်လည်ဘူး-ကောလင်း-ကန့်ဘလူ ကားလမ်းတစ်လျှောက်ရှိ ပင်လည်ဘူးမြို့နယ် ကြူတောကိုင်း ကျေးရွာအုပ်စု၊ ပေပင်စုစိပြဲကျေးရွာမှ ရပ်မိရပ်ဖမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား လည်းကောင်း၊ ကန့်ဘလူမြို့နယ် ချုပ်သင်းစပြဲကျေးရွာမှ ဒေသခံပြည်သူများအားလည်းကောင်းတွေ့ဆုံနှုတ်ဆက်ပြီး ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရှိပေးသည်။

ထို့မှတစ်ဆင့် ပင်လည်ဘူးမြို့ နှမူးချောင်းကူး ဘေလီတံတားတည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စည်ပင်သာယာရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာက တံတားတည်ဆောက်ရေး လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို တင်ပြပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြ၍ ဒုတိယဝိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝိုလ်ချုပ်ကြီးသာအေးသည် ပင်လည်ဘူးမြို့နယ် အားကစားခန်းမ၌ တိုင်းကိုယ်စားပြု ဘော်လီဘောအားကစားသမားများအားတွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝိုလ်ချုပ်ကြီးသာအေး ပင်လည်ဘူးမြို့ နမူးချောင်းကူး ဘေလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ် ဝီဒီယိုလှုပ်ငန်း စိစစ်ကြံ့ကြေရေးကော်မတီနှင့် လက်တွဲ ပူးပေါင်းပုံဝိုးကူညီကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဝီဒီယို အခြေခံအဖွဲ့များနှင့် ခွဲရုပ်ငန်းပိုင်းဆိုင်ရာ (ဝန်ထမ်းများ)အား ဂုဏ်ပြုဆုံ့ခြင်းပွဲ အခမ်းအနားကို မေ ၇ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ပြည်နယ် ဝီဒီယိုအခြေခံအဖွဲ့ခွဲ၌ အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ဝီဒီယိုလှုပ်ငန်း စိစစ်ကြံ့ကြေရေးကော်မတီ အတွင်းရေးမှူး မြန်မာ့ရွှေရှင် လှုင်ဝန်းစုခွဲ၊ ဌာနခွဲများ ဦးစီးမင်းအောင်က ဘက်စုံထူးချွန်ဆုရ ဌာနခွဲစာရေး ဒေါ်သန်းလှ (လှုင်ဝန်းစုခွဲ)၊ မော်လမြိုင်)အား ဆုချီးမြှင့်စဉ်။ (၃၀၇)

စာနယ်ဇင်းပညာသင်တန်း (၂/၂၀၀၉) ဖွင့်လှစ်မည်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၂/၂၀၀၉)ကို ဇွန် တတိယပတ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ၁လခွဲ (ခြောက်ပတ်) ခန့်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းခိုင်းကို နံနက် စာခဲရွဲခဲ့မှ ၁၁နာရီခွဲအထိ သတ်မှတ်ထားပြီး သင်တန်းတက်ရောက်လိုသူများသည် ပညာအရည်အချင်းအနည်းဆုံး(၁၀)တန်းအောင်မြင်သူဖြစ်ရမည်။ ရာထူးတာဝန် အနိမ့်ဆုံး သတင်းထောက်ဖြစ်၍ သတင်းလုပ်ငန်း အတွေ့အကြုံ(၂)နှစ်ရှိပြီးသူ ဖြစ်ရမည်။

သင်တန်းကြေးမှာ ငွေကျပ်သုံးသောင်းဖြစ်၍ အသက်(၂၀)မှ (၃၅)နှစ်အထိ ရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနမှ မဂ္ဂဇင်းတိုက်များ၏ အမှုဆောင်အရာရှိ ချုပ်(သို့) အယ်ဒီတာချုပ်၏ ထောက်ခံချက် ပါရှိရမည်။

သင်တန်းတက်ရောက်လိုသူများသည် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကိုဖြည့်စွက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉) (ဒုတိယထပ်) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ရန်ကုန်မြို့သို့ ဇွန် ၅ရက် ညနေ၄နာရီ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံများကို ဖော်ပြပါမြို့ ရုံးချိန်အတွင်း တောင်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း (အနောက်ပိုင်း)သာယာဝတီခရိုင် ၂၀၀၉-၂၀၁၀ပြည့် နှစ်စိမ်းကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၁ရက်နံနက်ပိုင်းက သာယာဝတီမြို့ ဆရာစံခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီ ဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးက ကဏ္ဍအလိုက်စီစံကိန်း တာဝန်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများသို့ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁၀) ထွက်ပြီ

ရန်ကုန် မေ ၁၈

ပြီဿရာသီ ကဆုန်လ၏ စကားပန်းရန်မှုများနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁၀) ကို ထုတ်ဝေလိုက်ပြီ ဖြစ်ပါသည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ကောက်ကွက်ပြည့်စိုက်မှ စပါးအထွက်နှုန်းမြင့်မည်၊ ဝင်ငွေနှစ်ဆတိုးအောင် အကျိုးပြုနေသည့် မလစ်လျှပ်စစ်ရောဝင်၊ လယ်ယာကဏ္ဍအတွက်ဇီဝလောင်စာကြွင်းအသုံးချမှု စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ စီးပွားတိုးရန်သေချာသည့် နွားစားနွားစနစ်တကျ ထိန်းသိမ်းမွေးမြူနည်း၊ သတိပြုစရာ ဆိတ်တွင် ဖြစ်ပွားတတ်သော ရောဂါစသည့် မွေးမြူရေးဆောင်းပါးများ၊ ဒူးရင်းနှင့်ကျန်းမာရေးဒို့ကျေးရွာထွက်ကုန် ကန်စွန်းဥဇစ်အစွမ်း၊ ကာကွယ်ကုသ၍ ရသော မျက်စိရောဂါများ၊ ပုားဖယောင်း ထုတ်ယူပုံနှင့် အသုံးပြုနည်း စသည့် ကျန်းမာရေးသတင်း ဆောင်းပါးများ၊ ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ပြန်လည်ကောက်ယူသောအရာစင်ကာပူ သမ္မတနိုင်ငံအကြောင်း သိကောင်းစရာ စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ပရိသတ်ကြိုးအတွက် တတ်နိုင်သမျှ အကောင်းဆုံး ဖြစ်အောင် ကြိုးစားသီဆိုသွားပါမယ်ဆိုတဲ့ အဆိုတော် ပန်းအိဖြူနှင့် တွေ့ဆုံခြင်း အနုပညာ ဆောင်းပါး၊ နိုင်ငံတကာသတင်း များ၊ ပြည်တွင်းအားကစား သတင်းနှင့် နိုင်ငံတကာ အားကစားသတင်းများ၊ ဥာဝင် ပင်တစ္ဆေ ဝေလေလေဝတ္ထုတို့တို့ အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဓိဒိယိုဇာတ်လမ်းများနှင့် သတင်း အတိုအထွာများကို စုံလင်စွာဖြင့် ဖော်ပြ ထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို အပြိုပြို့ အနယ်နယ် ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၇၄၂ သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

(သတင်းစဉ်)

ICT Development & Application သင်တန်း (၂/၂၀၀၉) ဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၈

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် Soft Guide Company Ltd. တို့ ပူးပေါင်းဖွင့်လှစ်သည့် ICT Development & Application သင်တန်း(၂/၂၀၀၉)ဆင်းပွဲ အခမ်းအနားကို မေ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာသင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက အမှာစကား ပြောကြားပြီး ပထမဆုရ ဒေါ်အေးဆုဝင်း [အထက(၆)လ-နဲသမိန်-ထန်းတပင်မြို့နယ်]၊ ဒုတိယဆုရ ဦးလှမျိုးထွန်း (အထက-ဘုရားကြီး-သုံးခွမြို့နယ်)။ တတိယဆုရ ဒေါ်နုင်းဝတ်ရည်မြင့် (အလက-ကျောင်းကုန်းဆိပ်ကြီး-သန်လျင်မြို့နယ်)၊ နှစ်သိမ့်ဆုရ ဒေါ်ခင်လွဲမင်းထိုက် (အထက-ကမာကလုတ်-ကျောက်တန်းမြို့နယ်)နှင့် ဒေါ်အေးအေးငြိမ်း [အထက(၃)လ-ရွှေမြေဟာ-မှော်ဘီမြို့နယ်]တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းကာလမှာ ၁၀ရက်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပို့)** (သတင်းစဉ်)

TODAY စာအုပ်ဆိုင်များမှ ကလေးသူငယ်ဆိုင်ရာစာအုပ်များ အထူးလေ့ရောင်းပွဲ

ရန်ကုန် မေ ၁၈

ရန်ကုန်မြို့ရှိ TODAY စာအုပ်ဆိုင်များ၌ ကလေးသူငယ်များ စာဖတ်အားတိုးပွားစေရန် ရည်ရွယ်၍ မေ ၁၅ ရက်မှ ဇွန် ၁၅ ရက်အထိ TODAY စာအုပ်တိုက်၊ Quality စာအုပ်တိုက်နှင့် ပြည့်စုံစာအုပ်တိုက်တို့မှ ထုတ်ဝေသော ကလေးသူငယ်ဆိုင်ရာစာအုပ်များကို ၁၀ ရာခိုင်နှုန်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေး ပညာပေးဟောပြောပွဲ ဝေါမြို့နယ်တွင် ကျင်းပ

ရန်ကုန် မေ ၁၈

ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဝေါမြို့နယ်၊ ကယ်ကျေးရွာတွင် သဘာဝသယံဇာတထိန်းသိမ်းရေးတရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေးပညာပေးဟောပြောပွဲနှင့် တရားမဝင် ငါးဖမ်းကိရိယာများ အပ်ခံပွဲအခမ်းအနားကို မေ ၁၂ ရက်က ကယ်ကျေးရွာ၌ ကျင်းပရာ တိုင်း/ခရိုင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများမှသဘာဝသယံဇာတပစ္စည်းများ ထိန်းသိမ်းရေးနှင့်တရားမဝင် ငါးဖမ်းကိရိယာများဖြင့် ငါးမဖမ်းဆီးရေးအတွက် ပညာပေးဟောပြောပွဲခဲ့ပြီး တိုင်း/ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်များမှ ငါးဖမ်းပိုက်များ ပေးလှူရခြင်းအကြောင်းကို ရှင်းလင်းကာ ကျေးရွာအတွင်းရှိ ရေလုပ်သားများမှ တရားမဝင် ဘက်ထရီကျင်စက်များဖြင့် ငါးဖမ်းရာတွင်အသုံးပြုသည့် ငါးဖမ်းကိရိယာအရုံ ၂၀ ကို ငါးလုပ်ငန်း ဦးစီးဌာနသို့ တရားဝင် အပ်နှံပေးခဲ့သည်။ အပ်နှံပေးခဲ့သော ရေလုပ်သားများအား သဘာဝရေ သယံဇာတအရင်းအမြစ်များကို မျိုးသုဉ်စေသည့် ဘက်ထရီကျဉ်စက်များဖြင့် ငါးဖမ်းဆီးမည့်အစား တရားဝင် ငါးဖမ်းပိုက်များဖြင့် ငါးဖမ်းနိုင်ရေးအတွက် ငါးဖမ်းပိုက်များကို ပြန်လည်လျှဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပို့)** (ကြေးမုံ)

ထိပ်တန်းကျားသူပုန်ခေါင်းဆောင်နှစ်ဦး သေဆုံး

ကိုလံဘို မေ ၁၈

တမီလ်ကျားသူပုန်တို့၏ ထိပ်တန်းခေါင်းဆောင်နှစ်ဦးဖြစ်သော ဆွာနန်နှင့် ရှာရှိမတ်(စ်)တာတို့ တိုက်ပွဲအတွင်း သေဆုံးသွားကြပြီဖြစ်ကြောင်း ကာကွယ်ရေးဌာနမှ အရာရှိများက စနေနေ့တွင် ပြောကြားသည်။

စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဥဒယနာနာယကာရက အဆိုပါ သူပုန်ခေါင်းဆောင်နှစ်ဦး ကျဆုံးကြောင်းကို အတည်ပြုသည်။ ၎င်းတို့နှစ်ဦးသည် မူလသိဒူးခရိုင် အရှေ့မြောက်ပိုင်း ကာရိယာလာ မူလဒေတ်ကယ်လ်အရပ်၌ သေဆုံးခြင်းဖြစ်သည်။

သူပုန်များမှာ နှစ်စဉ်ရန်းကီလိုမီတာကျယ်သော နယ်မြေ၌ ချောင်ပိတ်မိနေသည်။ ကျားသူပုန်အဖွဲ့ကို တည်ထောင်သူ ဒီလူပယ်လိုင်ပရာဘာကာရန်အပါအဝင် ထိပ်တန်းခေါင်းဆောင်များကို အစိုးရတပ်ဖွဲ့များက ရှာဖွေလျက်ရှိသည်။

အမ်အင်အေ၊ဆောင်ဟွာ။

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ဒီလာမူလီဗာကားလ်ဒေသမှ အရပ်သူ၊ အရပ်သားများ ဘေးလွတ်ရာ အစိုးရတပ်ဖွဲ့များရှိရာ နယ်မြေသို့ ထွက်ပြေးလာကြသည်ကို မေ ၁၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင် တိုက်ပွဲကြောင့် အမေရိကန်တပ်ပွဲ ဝင် သေဆုံး

ဘဂ္ဂဒက် မေ ၁၈

အီရတ်တောင်ပိုင်းတွင် မေ ၁၆ ရက်က တိုက်ပွဲကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

အသေးစိတ်အခြေအနေကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟုဆိုသည်။

နာဂျစ်ပြည်နယ်မှ ဝေဆစ်ပြည်နယ်အပြင် ဘာဆာရာပြည်နယ်အထိ တပ်ဖြန့်ထားသည့် နိုင်ငံစုံတပ်ဖွဲ့ကို တောင်ပိုင်း တပ်ဖွဲ့ဟုခေါ်ဆိုပြီး အဆိုပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခြင်းဖြစ်သည်။

ပင်တဂွန် စာရင်းဇယားများအရ အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄,၂၅၆ ဦးရှိပြီဟု သိရသည်။

အမ်အင်အေ၊ဆောင်ဟွာ။

အကြမ်းဖက်တိုက်ခိုက်မှုတွင် ထောင်ထွက်များပါဝင်ဟု အီရတ်ပြောကြား

ဘဂ္ဂဒက် မေ ၁၈

အမေရိကန်နှင့် အီရတ်နိုင်ငံတို့၏ အကျဉ်းထောင်များမှ ထောင်သားများကို လွှတ်ပေးလိုက်ခြင်းသည် အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကို အားပေးကူညီသကဲ့သို့ ရှိနေသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံသည် လွတ်ပြိုင်မြေခွင်သာခွင့် ဥပဒေအရ အကျဉ်းသားများကို လွှတ်ပေးခြင်းဖြင့် ဝဋ်ပတ်ကွဲဖြစ်နေသော အုပ်စုများအကြား ငြိမ်းချမ်းရေးရရှိရန် ကြိုးစားခဲ့သည်။သို့သော်လည်း ဒုတိယပြည်ထဲရေးဝန်ကြီး အက်နန်အယ်လ်အဆာဒီက အချို့သောတိုက်ခိုက်ရှင်းမှုများမှာ အမေရိကန်နှင့် အီရတ်ထောင်များမှ လွှတ်လာကြသူများ၏ လက်ချက်ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အင်ပေရိုကန် ကွန်ဗီနှက်တယ်လေကြောင်းမှ အရောင်းကိုယ်စားလှယ် ၅၀၀ ဂုပ်ဆိုင်း

ဟောက်စ်စတန် မေ ၁၈

အမေရိကန်နိုင်ငံရှိ ကွန်တီနက်တယ်လေကြောင်းလိုင်းမှ လက်မှတ်အရောင်းကိုယ်စားလှယ်ငှား ၅၀၀ ကို ကိုယ်စားလှယ်အဖြစ်မှ ရပ်ဆိုင်းပြီး ဖလော်ရီဒါပြည်နယ်ရှိ တင်ပါလက်မှတ်အရောင်းဌာနတစ်ခုလုံးကို ပိတ်ပစ်မည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းက မေ ၁၃ ရက်တွင် ပြောကြားသည်။ ထိုကဲ့သို့ ပြုလုပ်ရသည့်အကြောင်းရင်းမှာ ကမ္ဘာတစ်ဝန်း စီးပွားရေးအကျပ်အတည်း ဖြစ်နေမှုကြောင့် ခရီးသွားလာသူ နည်းပါးသွားသည့်အပြင် ခရီးသည်များကလည်း လေယာဉ်လက်မှတ်များကို လက်မှတ်အရောင်းကိုယ်စားလှယ်များထံမှ မဝယ်ယူတော့ဘဲ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူမှု ပြုလုပ်လာမှုကြောင့်လည်းကောင်း ဖြစ်သည်။

အဆိုပါ လေယာဉ်လက်မှတ်အရောင်းဌာနများကို ၂၀၀၉ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အပြီးပိတ်ပစ်မည်ဖြစ်သည်။ ဟောက်စ်စတန်ပြို့တွင် အခြေစိုက်သော ကွန်တီနက်တယ်လေကြောင်းလိုင်းက တရားဝင်ထုတ်ပြန်ချက်စာစောင်တွင် ၎င်းလေကြောင်းလိုင်းရှိ ဝန်ထမ်း ၄၃၀၀၀ ကျော်ရှိကြောင်း၊ အလုပ်မဲ့ ယခုကဲ့သို့ စောစီးစွာ ရပ်ဆိုင်းလိုက်ရသည့် ဝန်ထမ်းများအတွက် နစ်နာကြေးများ ထုတ်ပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အင်တာနက်။

ပင်လယ်ဓားပြများကို ကင်ညာသို့ လွှဲပြောင်းပေးအပ်

မွန်ဘာဆာ (ကင်ညာ) မေ ၁၈

စပိန်နိုင်ငံသည် ဆိုမာလီပင်လယ်ဓားပြများဟု မသက်သူ ၁၃ ဦးကို တရားစွဲဆိုရန်အတွက် ကင်ညာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်က ဖော်ပြထားသည်။

လွှဲပြောင်း

ဥရောပသမဂ္ဂနှင့် ကင်ညာနိုင်ငံတို့အကြား ချုပ်ဆိုထားသော စာချုပ်အရ မကျူးဒီလာအင်ဆီနဒါ သင်္ဘောကို တိုက်ခိုက်သော သံသယရှိသူ ၁၃ ဦးကို ကင်ညာနိုင်ငံ တရားရုံးတွင် ရုံးတင်စစ်ဆေးရန်အတွက် လွှဲပြောင်းပေးအပ်ခဲ့သည်။

မွန်ဘာဆာဆိပ်ကမ်းမြို့တွင် ပင်လယ်ဓားပြများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ ပင်လယ်ကမ်းခြေ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနမှ အရာရှိ ညာဂတ် ရီချီးက ပင်လယ်ဓားပြများသည် ရေတပ်စစ်သင်္ဘောကို မှားယွင်းတိုက်ခိုက်ခြင်း မဟုတ်ဘဲ စစ်သင်္ဘောမှန်းသိရှိကြသည်ဟု သတင်းထောက်များကို ပြောကြားသည်။

အမ်အင်အေ၊ဆောင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖြစ်ပွားသည့် ဗုံးခွဲတိုက်ခိုက်မှု ကြောင့် ယာမောလ်ဆေးရုံသို့ ရောက်ရှိလာသော လူနာတစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖြတ်သန်းသွားလာသော ယာဉ်တန်းတစ်ခုအား ဗုံးဖြင့် တိုက်ခိုက်ခံရစဉ်ပြီး မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းမှတ်စု

အီဂျစ်နှင့် ဂါဇာဒေသ ပိုင်းခြားထားသည့် ရာဖာနယ်စပ်ပိတ်မှ ဂါဇာဘက်သို့ ဝင်ရောက်နေသူအချို့ကို မေ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရာဖာနယ်စပ်အား အီဂျစ် နှစ်ရက်တာပြန့်ဖွင့်

ဂါဇာကမ်းမြောင်ဒေသ ပါလက်စတိုင်းနယ်စပ်နှင့် ရာဖာဒေသဖြတ်သန်းမှုကို အီဂျစ်နိုင်ငံတာဝန်ရှိသူများက မေ ၁၆ ရက်၌ နှစ်ရက်တာ ပြန်လည်ဖွင့်ပေးခဲ့ကြောင်း နယ်စပ်ဒေသရှိ လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ဂါဇာဒေသ နေထိုင်ခွင့်ရရှိပြီး နိုင်ငံခြားပတ်စ်ပို့စ်ကိုင်ဆောင်ထားသူ ပါလက်စတိုင်းလူမျိုး ၃၀၀ အား ဈေးကြီးကုန်ခေသော ဒေသအတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့ပြီး ပါလက်စတိုင်းလူမျိုး ၅၀၀ အား အီဂျစ်နိုင်ငံအတွင်းသို့ ဖြတ်သန်းခွင့်ပြုခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ အီဂျစ်နိုင်ငံဘက်၌ နယ်စပ်ဒေသ၌ နယ်စပ်ဖြတ်သန်းရန် ပါလက်စတိုင်းအများအပြား စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

တရုတ်(တိုင်းပေ)သို့ တရုတ်ပြည်ဖမှ ဗီးယွားရေးလုပ်ငန်းရှင်များ ဝေလွှတ်ပည်

ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့်ရင်ဆိုင်နေရသော ကျွန်းဒေသကို ကူညီဖြေရှင်းရန် အားထုတ်ကြီးပမ်းမှုအဖြစ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ ဆွေးနွေးရန် စက်မှုလုပ်ငန်းရှင်များအား တရုတ်ပြည်မကြီးမှ တရုတ် (တိုင်းပေ)သို့ မကြာမီစေလွှတ်မည်ဖြစ်ကြောင်း တန်ဂန်ခေနေ့တွင် တရုတ်(တိုင်းပေ)ရေးရာအကြီးအကဲ ဝမ်ယီက ပြောကြားသည်။

ပြည်ပရှိ အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် အဓိကစီမံကိန်းများအပါအဝင် ပြည်ပကြီးရှိ ဈေးကွက်တိုးချဲ့ရန်အတွက် တရုတ်(တိုင်းပေ)စီးပွားရေးကုမ္ပဏီများအား တရုတ်ပြည်ဝမှ တိုက်တွန်းမည်ဖြစ်ကြောင်း တရုတ်(တိုင်းပေ) ရေးရာဌာန ညွှန်ကြားရေးမှူးဝမ်က ပြောကြားသည်။

ဒဲလ်တာလေကြောင်းလိုင်းများ ဂွန်ဟိုင်းနှင့်ဒက်ထရွိုက်သို့ တိုက်ရိုက်ပျံသန်းမည်

ဒဲလ်တာလေကြောင်းလိုင်း၏ ကုမ္ပဏီခွဲဖြစ်သော နော့ဒ်ဝက်လေကြောင်းလိုင်းက လာမည့် ဇွန် ၃ ရက်မှစ၍ ရှန်ဟိုင်းနှင့် ဒက်ထရွိုက်မြို့သို့ တိုက်ရိုက်ပျံသန်းမှုစတင်မည်ဖြစ်ကြောင်း စနေနေ့တွင် ယင်းကုမ္ပဏီ၏ ပေကျင်းရုံးက ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေး အဓိကမြို့ဖြစ်သော ဒက်ထရွိုက်မှ တစ်ဆင့် မြောက်အမေရိကနှင့် အဓိကအချက်အချာကျသော အမေရိကမြို့များရှိ မြို့ကြီး ၁၄၀ အား ခရီးသည်များ ရောက်ရှိနိုင်မည်ဖြစ်သည်။ အင်နဲ့ဒဇယူ ၉၀ ခရီးစဉ်သည် ရှန်ဟိုင်းမြို့ မှ တနလာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် စနေနေ့တိုင်း နံနက် ၉ နာရီ ၂၅ မိနစ်တွင် ပုံသန်းမည်ဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၀မိနစ်တွင် ဒက်ထရွိုက်မြို့သို့ ဆိုက်ရောက်မည်ဖြစ်သည်။ အင်နဲ့ဒဇယူ-၈၉ ခရီးစဉ်သည် တနလာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေနေ့တိုင်း ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဒက်ထရွိုက်မြို့မှ ထွက်ခွာ မည်ဖြစ်ပြီး နောက်တစ်နေ့ညနေ ၆ နာရီ ၂၀ မိနစ်တွင် ရှန်ဟိုင်းမြို့သို့ ရောက်ရှိမည်ဖြစ်သည်။

သီရိလင်္ကာမြောက်ပိုင်းမှ အရပ်သားအားလုံး ကယ်တင်

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း စစ်မဲ့နေအတွင်း ပိတ်မိနေသော အရပ်သားများ အားလုံးကို အစိုးရတပ်ဖွဲ့များက ကယ်တင်ခဲ့ပြီးဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် စစ်ဘက်က ပြောကြားသည်။

နိုင်ငံမြောက်ပိုင်း မူလာသီဗူးခရိုင်၌ ၁ ဒသမ ၅ စတုရန်းကီလိုမီတာရှိ စစ်မဲ့နေအတွင်း တမီလ်ကျားသူပုန်များက ဓားစာခံအဖြစ် ဖမ်းဆီးထားသော ကျန်ရှိနေသည့် အရပ်သားများအားလုံးကို တပ်ဖွဲ့ဝင်များက ကယ်တင်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော ၇၂ နာရီအတွင်းက အရပ်သား ၅၀၀၀၀ ကျော်ကို တပ်ဖွဲ့ဝင်များက ကယ်တင်ခဲ့ကြောင်း တနင်္ဂနွေနေ့ စောစောပိုင်းတွင် စစ်ဘက်က ပြောကြားသည်။ ယင်းစစ်မဲ့နေအတွင်း တမီလ်ကျားသူပုန်ခေါင်းဆောင် ဗီလူပယ်လိုင်ပရာဘာကာရန် ရှိနေဆဲဖြစ်သည်။

ဆွီဒင်တွင် A/H1N1တုပ်ကွေးရောဂါ သုံးဦးမြောက် ကူးစက်

ဆွီဒင်နိုင်ငံတွင် A/H1N1 တုပ်ကွေးရောဂါ သုံးဦးမြောက် ကူးစက်ဖြစ်ပွားခဲ့ကြောင်း ဆွီဒင်ကျန်းမာရေးအဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ရောဂါဖြစ်ပွားသူသည် မကြာသေးမီက အမေရိကန်နိုင်ငံ ဆန်ဒီဂိုနှင့် ကယ်လီဖိုးနီးယားပြည်နယ်များသို့ သွားရောက်လည်ပတ်ခဲ့သေးကြောင်း ဆွီဒင်နိုင်ငံ ကူးစက်ရောဂါ တားဆီးကာကွယ်ရေးအဖွဲ့က ပြောကြားသည်။ သို့သော် ၎င်းသည် ရောဂါပြင်းထန်မှုမရှိသောကြောင့် ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

ဆွီဒင်နိုင်ငံ၌ တုပ်ကွေးရောဂါဝေည် မေ ၆ ရက်တွင် ပထမဆုံးကူးစက် ခံရပြီး မေ ၁၀ ရက်တွင် နစ်ဦးမြောက် ထပ်မံဖြစ်ပွားခဲ့သည်။ ရောဂါခံစားရသူများသည် အမေရိကန်နိုင်ငံသို့ သွားရောက်လည်ပတ်ဖူးသူများဖြစ်သည်။

စုစည်းတင်ပြသူ-ဝိုးဝိုးနိုင်

မန္တလေးတိုင်း ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၈

မန္တလေးတိုင်း ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၄ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်း ရဲတပ်ဖွဲ့ အောင်ဆန်းနန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာဝန်ထမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အမှာစကားပြောကြားပြီး **(ယာပုံ)** ရာထူးအဆင့် တိုးမြှင့်ခြင်းခံရသော ရဲတပ်ဖွဲ့ဝင်များအား ရာထူးအဆင့်တံဆိပ်များ တိုးမြှင့်တပ်ဆင်ပေးသည်။

ထို့နောက် တိုင်းမှူးသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရတနာပုံမြို့တည် နှစ်(၁၅၀)ပြည့် ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး မြို့တော်ဝန်နှင့် လုပ်ငန်းဆပ်ကော်မတီများမှ တာဝန်ခံများက ကော်မတီ အလိုက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘောဇိုက်ပျိုးရေးလုပ်ကွက်မှ နှစ်ရှည်ပင်နှင့် ရာသီသီးနှံပျိုးခင်းကို တွေ့ရစဉ်။

*** အသီးဖျော်ရည်မှ**

လျော့နည်းသွားခဲ့ကြပြီး မိတာဘောလစ်ဆင်းရဲမှုမ်းဟုခေါ်သော ဇီဝဓာတုဖြစ်စဉ်များဖြစ်သည့် သွေးတိုးခြင်း၊ သွေးကြောများပိတ်ခြင်း၊ သွေးခဲ့ ကိုယ်လက်ထရောများခြင်းတို့ ၁၅ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းသွားကြောင်း အသေးစိတ်လေ့လာမှုတွင် ဖော်ပြသည်။

အသီးများနှင့် ဟင်းသီးဟင်းရွက်များတွင်ရှိသည့် ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရသည် နာတာရှည်ရောဂါအချို့ဖြစ်ပွားမှုနှုန်းကို လျော့နည်းစေခြင်းနှင့် ဆက်စပ်နေသည်။ အသီးဖျော်ရည်တစ်ခွက် နေ့စဉ်သောက်ခြင်းသည် အသီးပုံမှန်စားသကဲ့သို့အရေးပါသည်။

အသီးဖျော်ရည်သောက်သူ ၁၄၀၀၀ကျော်ကို လေ့လာခဲ့ကြရာတွင် ထိုသူတို့၏ ကျန်းမာရေးကောင်းသောအပြုအမူတို့သည် ဖျော်ရည်သောက်ခြင်းနှင့် တိုက်ရိုက် ဆက်စပ်နေခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ***အင်တာနက်။***

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မေ ၁၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၆၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း(၁၉လမ်းထောင့်) Central Tower ပထမထပ်၌ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ပြည်ပရောက် မြန်မာ ရွှေကျောင်းတော်ပြာသာဒ်ကြီး၊ အကယ်ဒမီနန်းလှိုင် သမီးလေးမွေးဖွား၊ မြန်မာ့ရာဝင် စဉ့်အိုးကြီးများကို အာရှနှင့် ဥရောပသို့ လစဉ်တင်ပို့နေ၊ အပျိုကြီးလူပျိုကြီးဖြစ်ခြင်း အကြောင်းရင်းကို သုတေသနပြု၍ မြန်မာနိုင်ငံမှ ပထမဆုံးအမျိုးသမီး နက္ခတ်ဗေဒင်ဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရရှိ မြန်မာ့ပထမဆုံးဂေါက်ကွင်းတွင် အသင်းဝင်ထားလျှင် အင်္ဂလန်ဦးလည်းကစားနိုင်၊ မင်္ဂလာအခါပေးဗေဒင်ပြက္ခဒိန်ကို လက်ကိုင်ဖုန်းဥ ထည့်သွင်းအသုံးပြုနိုင်၊ ကွင်းလုံးပြည့်အားပေးခဲ့ကြသည့် မြန်မာနေ့ရှင်နယ်လိဂ်ဖွင့်ပွဲ၊ မြန်မာနိုင်ငံရှိ မြို့ကြီးများ၏ အသေးစိတ်မြေပုံများကို လက်ကိုင်ဖုန်းများတွင် ထည့်သွင်းအသုံးပြုမှုများလာ၊ နည်းပြဆရာများတွင် ဦးတင်ဟန်က လစာငွေကျပ် ၁၂ သိန်း၅၍ စံချိန်တင်၊ မြန်မာနေ့ရှင်နယ်လိဂ်ပြိုင်ပွဲမှာ ဘယ်အသင်းပိုလဲစွမ်းလဲ၊ ပြင်သစ်မှာ ဘရစ်တနီစပီးယားစ်နှင့် မက်ဒေါနားတို့ကို ကိုယ်တိုင်တွေ့ရတော့မည့် ဖြူဖြူကျော်သိန်း၊ စာရေးဆရာမဟုတ်ပဲခင်၏ မင်္ဂလာဧည့်ခံပွဲတွင် ဝတ်မှုံရွှေရည်က ပန်းကြဲ၍ နေ့နယ်ဇင်မြင့်က ပန်းကုံးပွဲပေါ် မြန်မာနေ့ရှင်နယ်လိဂ်တွင် အာဂျင်တီးနား၊ အိုင်ဒီရိုက်ဖွဲ့နှင့် ကင်ဝရွန်းတို့လည်း အားပြိုင်ကြမည်၊ ၂၃ နှစ်ကြာ သိုးမွေးထိုးခဲ့ပြီး ရွာတစ်ရွာလုံးကို ဖန်တီး၊ သံသေတ္တာကြီး လေယာဉ်အင်ဂျင်ထဲဝင်သွားသောကြောင့် လေယာဉ်ခရီးစဉ် ရွှေဆိုင်းခဲ့ရ၊ ဘတ်စကက်ဘောလုံးများကို အာကာသသို့ ယူဆောင်သွား၊ ၅၆ နှစ်ကြာမှ ကလေးခင်းမှားခဲ့ကြောင်း အဖြစ်မှန်ကိုသိရ၊ အမြွာပူးရွာ၌ အမြွာပူးအစုံ ၂၂ကျော်ရှိ၊ ခွေးက တောင်ခြေလှေ့ကြီးကိုတိုက်ခိုက်ပြီး သခင်၏အသက်ကို ကယ်တင်ခဲ့၊ အိန္ဒိယနိုင်ငံ ရွှေကောက်ပွဲ၌ ကွန်ဂရက်ပါတီ အနိုင်ရရှိ၊ A/H1N1 တုပ်ကွေးဖြစ်ပွားမှုမြင့်တက်လာ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနှင့် မလေးရှားတို့တွင်လည်းဖြစ်ပွား၊ သိရိလင်္ကာတွင် တမီးလ်ကျားသူပုန်များကို အပြီးသတ် နိမ်နင်းပြီး ၂၆နှစ်ကြာခဲ့သည့် ပြည်တွင်းစစ်ပြီးဆုံး၊ အင်ဒိုနီးရှားသမ္မတရွေးပွဲ၌ လက်ရှိသမ္မတ အခြေအနေကောင်း" . . . စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့်အတူ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ **ကျောဖုံးမှ**

ထို့အပြင် ရပ်စောက်မြို့နယ် ကျောက်ဂူကျေးရွာအုပ်စုဝှဲ့ ရွှေသံလွင်ကုမ္ပဏီလိမ်တက်က ကော်ဖီ၊ မက္ကဆေးမီးယား၊ သရက်နှင့် ခြံစည်းရိုးကြက်ဆူများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ အဆိုပါ စိုက်ပျိုးရေးခြံများကို ၂၀၀၅ ခုနှစ် ဧပြီလ မှစတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရွှေသံလွင်ကုမ္ပဏီ လိမ်တက်သည်လည်း မြေကော ၈၀၀၀ ဖော်ထုတ်၍ နှစ်ရှည်သီးနှံပင် ကော်ဖီ၊ မက္ကဆေးမီးယား၊ သရက်၊ လိမ္မော်၊ ကြက်ဆူ၊ ရာသီသီးနှံ ဝိလောပီနန့်နှင့် ကြားများကို စိုက်ပျိုးလျက်ရှိသည်မှာ အားရစရာပင်ဖြစ်သည်။

ရပ်စောက်မြို့နယ် ဆီဆုံးနိုင်ဒေသ၌ ထူးထရေးဒင်းကုမ္ပဏီလိမ်တက်က နှစ်ရှည်သီးနှံ စိုက်ပျိုးရေးခြံလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။ ထိုဒေသ၌ စိုက်ပျိုးရေးခြံ သုံးခြံခဲ့ခြင်း၍ နှစ်ရှည်သီးနှံများကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ခြံအမှတ် (၁) တွင် ၈က ၂၄၅၀၊ ခြံအမှတ်(၂)တွင် ၈က ၂၅၀၀၊ ခြံအမှတ်(၃)တွင် ၈က ၁၅၅၀ ဖြင့် စုစုပေါင်း ၈က ၆၅၀၀ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ အဆိုပါ စိုက်ပျိုးရေးခြံများ၌ စိန်ကစ်လုံးသရက်၊ လောင်ကန်၊ လိမ္မော်၊ မက္ကဆေးမီးယား၊ ကော်ဖီ၊ ခြံစည်းရိုး ကြက်ဆူ၊ ထောပတ်၊ တညင်း၊ ပိန္နဲနှင့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဂူကျေးရွာအုပ်စုတွင် ကမ္ဘောဇ စိုက်ပျိုးရေးအဖွဲ့က စိန်ကစ်လုံးသရက်၊ ရင်ကွဲသရက်၊ ဒေသလိမ္မော်၊ ပျားလိမ္မော် ပင်များကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ကမ္ဘောဇိုက်ပျိုးရေးအဖွဲ့သည် ကျောက်ဂူတွင် မြေလွှတ်မြေခိုင်းဇော ၈၆၅၀ ဖော်ထုတ်၍ စိုက်ပျိုးလုပ်ကိုင်နေခြင်းဖြစ်သည်။ ယခုအခါ ထပ်မံဖော်ထုတ်ပြီးသော မြေကွက်များ၌ သရက်၊ လိမ္မော်၊ ကော်ဖီ၊ လောင်ကန်၊ ဝက်သစ်ချ၊ ရော်ဘာ၊ ထောပတ်၊ တညင်း၊ ခြံစည်းရိုးကြက်ဆူနှင့် ကြံသီးနှံ တို့ကိုစိုက်ပျိုးလျက်ရှိသည်။

ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာအနီးတွင် မြေလွှတ်မြေခိုင်းဇော ၂၀၀ ဖော်ထုတ်၍ ပွင့်ကောင်းနှင့် ခင်ဖွဲ့ရီကုမ္ပဏီ လိမ်တက်က ၁၉၉၁ ခုနှစ်ကတည်းက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ရော်ဘာ၊ ကော်ဖီ၊ ဝက်သစ်ချနှင့် သရက်ပင်များ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ပွင့်ကောင်းနှင့် ခင်ဖွဲ့ရီသည် ရပ်စောက်မြို့နယ်အတွင်း တပ်ဦး၌၊ မြောင်းတော်၌၊ ကျောက်ဆုံကုန်း၌ဟူ၍ ခြံသုံးခြံခွဲခြင်းကာ စုစုပေါင်း၈က ၂၂၀၁ က စိုက်ပျိုးလုပ်ကိုင်သည်။ အဆိုပါခြံများတွင် ကော်ဖီ၊ သရက်၊ လိမ္မော်၊ မက္ကဆေးမီးယား။ နံစားပြောင်း၊ ပဲယင်းနှင့် ကြက်ဆူပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့ဖြင့် ရှုမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ပုဂ္ဂလိကစိုက်ပျိုးရေးခြံများမှထွက်ရှိသော ဒေသထွက်ကုန် သီးနှံများဖြင့် အလှူ့ပယ်ပေကြွယ်ဝလျက်ရှိပြီး ဒေသတွင်းပြည်သူများ ဈေးနှုန်းချိသာစွာဖြင့် ဝယ်ယူစားနိုင်သည့်အပြင် အနယ်နယ်အရပ်ရပ်သို့လည်း တင်ပို့လျက်ရှိသည်။ စားနပ်ရိက္ခာ ဖူလုံပို့လှုံစေရန် ထိုကဲ့သို့ စိုက်ပျိုးနည်းစနစ် နမူနာပြုပုဂ္ဂိုလ်များကို ရပ်စောက်မြို့နယ်တွင် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်နယ်နှင့် တိုင်းဒေသအလိုက် အခြေခံသီးနှံများ တိုးချဲ့လုပ်ကိုင်စေလျက်ရှိသည်။

အထူးသဖြင့် ဒေသ၏ ရေမြေ ရာသီဥတုနှင့်ကိုက်ညီဖြစ်ထွန်းပြီး လက်ငင်းဝင်ငွေရရှိနိုင်သော ရာသီသီးနှံများနှင့် နှစ်ရှည်ပင်များကို ဦးစားပေးတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံတော်က ချမှတ်ထားသောမူဝါဒကို ပုဂ္ဂလိက စိုက်ပျိုးထုတ်လုပ်သူများက အတိုင်းအတာတစ်ရပ်အထိ ပါဝင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပင် ဖြစ်ပါတော့သည်။ ။

ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းကြီးမှူး၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါရိပ်သာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဒုတိယ ဝန်ကြီး၏ဇနီး ဒေါက်တာ ဒေါ်ခင်မြင်း၊ အသင်း၏ အလုပ်အမှုဆောင် ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ သံအမတ်ကြီးများ၏ဇနီးများနှင့် သံရုံးအကြီးအကဲများ၏ ဇနီးများ၊ အသင်းအဖွဲ့ဝင်များ၊ ရွှေသံလွင်ကုမ္ပဏီ နာယကနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် အဘိုးအတွားများ တက်ရောက်ကြသည်။

ရွေးဦးစွာ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးက အလှူငွေ ပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် သိန်း ၂၀ကို ပေးအပ်လှူဒါန်းရာ ရွှေသံလွင်ကုမ္ပဏီ နာယက သမီးသုမေဿိ၊ သီဟသုမေဿိတို့ အဂ္ဂမဟာ သိရိသုမေဿိဂီ ဒေါ်နီကလက်ခံသည်။

ထို့နောက် အသက် ၇၅ နှစ်ရှိ အဘွား ဒေါ်သင်းသင်းပုက ကျေးဇူးတင်စကားပြောကြားပြီး ရွှေသံလွင်ဘိုးဘွား ရိပ်သာမှ တာဝန်ရှိသူများထံ အလှူရှင် သရက်၊ လိမ္မော်၊ မက္ကဆေးမီးယား။ နံစားပြောင်း၊ ပဲယင်းနှင့် ကြက်ဆူပင်များ ထပ်မံတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

ယင်းသို့ဖြင့် ရှုမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ပုဂ္ဂလိကစိုက်ပျိုးရေးခြံများမှထွက်ရှိသော ဒေသထွက်ကုန် သီးနှံများဖြင့် အလှူ့ပယ်ပေကြွယ်ဝလျက်ရှိပြီး ဒေသတွင်းပြည်သူများ ဈေးနှုန်းချိသာစွာဖြင့် ဝယ်ယူစားနိုင်သည့်အပြင် အနယ်နယ်အရပ်ရပ်သို့လည်း တင်ပို့လျက်ရှိသည်။ စားနပ်ရိက္ခာ ဖူလုံပို့လှုံစေရန် ထိုကဲ့သို့ စိုက်ပျိုးနည်းစနစ် နမူနာပြုပုဂ္ဂိုလ်များကို ရပ်စောက်မြို့နယ်တွင် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်နယ်နှင့် တိုင်းဒေသအလိုက် အခြေခံသီးနှံများ တိုးချဲ့လုပ်ကိုင်စေလျက်ရှိသည်။

အထူးသဖြင့် ဒေသ၏ ရေမြေ ရာသီဥတုနှင့်ကိုက်ညီဖြစ်ထွန်းပြီး လက်ငင်းဝင်ငွေရရှိနိုင်သော ရာသီသီးနှံများနှင့် နှစ်ရှည်ပင်များကို ဦးစားပေးတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံတော်က ချမှတ်ထားသောမူဝါဒကို ပုဂ္ဂလိက စိုက်ပျိုးထုတ်လုပ်သူများက အတိုင်းအတာတစ်ရပ်အထိ ပါဝင်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက် နေခြင်းပင် ဖြစ်ပါတော့သည်။ ။

မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း၊ နာယက ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များ ရွှေသံလွင်ဘိုးဘွားရိပ်သာသို့ အလှူငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

များက အလှူငွေနှင့် ဆေးဝစ္စည်းများကို ပေးအပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။ (သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင် ခံခွက်မမွေနှင့်

အသက်ပေါင်းများစွာ ချမ်းသာဖို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်စို့

ကမ္ဘာပေါ်မှာ လူသားတွေ မလွှဲသာမရှောင်သာဘဲ ရင်ဆိုင်ကြုံတွေ့ကြရတဲ့ ကပ်သုံးပါး ရှိပါတယ်။ ဒါတွေကတော့ သတ္ထုန္တရကပ်၊ ရောဂါန္တရကပ်နဲ့ ဒုဿဘိက္ခန္တရကပ်ဆိုတဲ့ ကပ်သုံးပါးပဲ ဖြစ်ပါတယ်။ စာရေးသူတို့ ဩကာသ ရွတ်ဆို ဘုရားရှိခိုးတဲ့အခါ "ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ် ငြိမ်းသည်ဖြစ်၍ မင်္ဂလာရား၊ ဖိုလ်တရား နိဗ္ဗာန်ချမ်းသာတရားတော် မြတ်ကို ရပါလိုၜ်၏" ဆိုတဲ့စာသား ပါပါတယ်။ ဒီပျက်စီးဆုံးရှုံးခြင်းတွေ ကင်းလွတ် ငြိမ်းအေးပြီး မင်္ဂလာဖိုလ်နိဗ္ဗာန်အောင် ဆောင်ရွက်ကြဖို့ ဆုတောင်းပါပါတဲ့ သြကာသကန်တော့ချိုးပါ။ ဒီတော့ ခုနကပြောတဲ့ ကပ်သုံးပါးဆိုတာ ဘာတွေလဲ လေ့လာကြည့်ဖို့လိုပါတယ်။

ကပ်ဆိုတဲ့စကားက **ကပ္ပ**ဆိုတဲ့ ပါဠိဘာသာက လာတာဖြစ်ပြီး အဓိပ္ပာယ် အများကြီးရှိပေမယ့် ဒီနေရာမှာတော့ ကပ်ဆိုတာဘေးဆိုက်တဲ့ ကာလ၊ ဘေးဥပဒ်ဘို့ ဆိုလို့ပါတယ်။ သတ္ထုန္တရကပ်ဆိုတာကတော့ လက်နက် ဘေးကြောင့် သေကျေပျက်စီးတဲ့ကပ်၊ ဓား၊ လှံ၊ လက်နက်ဘေးကို ဆိုလို့ပါ တယ်။ စစ်မက်ထူပြောလို့ နေစရာ၊ စားစရာမရှိ အတိဒုက္ခရောက်ပြီး သေကျေ ပျက်စီးတာမျိုး။ ကမ္ဘာပေါ်မှာ စစ်မက်ကြောင့် ဒုက္ခရောက်နေကြတဲ့ နိုင်ငံတွေကလူသားတွေ အတိဒုက္ခရောက်နေတာကို တွေ့မြင်ကြားသိ နေရတာ စိတ်ထိခိုက် ကြေကွဲစရာပါပဲ။ ရောဂန္တရကပ်ဆိုတာက ရောဂါဘေး ဆိုက်တဲ့ကာလ အနာရောဂါဘေးဆိုးကပ်ဆိုး ကျရောက်ဖြစ်ပေါ်တာကို ဆိုလိုတာပါ။ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်အတွင်းက လူတွေဟာ ကာလဝမ်းရောဂါ၊ ကျောက်ရောဂါ၊ ပုလိပ်ရောဂါတို့လို့ ကပ်ရောဂါဘေးတွေ ခံစားခဲ့ကြရပါတယ်။ ဒီလိုအနာရောဂါကပ်ဘေးကြောင့် လူတွေအတော် များများ သေကျေပျက်စီးခဲ့ရဖူးပါတယ်။

ဒုဿိက္ခန္တရကပ်ဆိုတာ အစာငတ်မွတ်ခေါင်းပါးတဲ့ကပ်။ ဆင်းရဲခဲ့တေလို့ တင်ပြတိုးပြီး ဘေးဒုက္ခရောက်ကြတာကို ပြောချင်တာပါ။ ဒီကပ်သုံးပါးဟာ တစ်ပါးနဲ့တစ်ပါး ဆက်စပ်နေပါတယ်။ တစ်ခုဖြစ်ရင် တစ်ခုက အတူလိုက်ပါ ယှဉ်တွဲနေတတ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ မြေပြိုတာ၊ မြေလျင်လှုပ်တာ၊ ရေကြီးတာ၊ ရေလျင်၊ နှင်းမုန်တိုင်း၊ သဲမုန်တိုင်း တိုက်တာ၊ နှင်းမုန်တိုင်း၊ လေမုန်တိုင်း၊ လေဆင်္ဂသမောင်းတိုက်တာ၊ တောမီး လောင်တာတွေဟာ အချိန်နာရီနဲ့ အတိအကျသိဖို့ ခက်ခဲလှပါတယ်။ ဒီအတွက် သဘာဝဘေးအန္တရာယ်တွေကို လူအတော်များများ သတိမထား မိတတ်ကြပါဘူး။ သဘာဝဘေးတွေကြုံလာတဲ့အခါမှာတော့ ကိုယ်ခန္ဓာ ဒုက္ခသာမက စိတ်ပိုင်းဆိုင်ရာ ရောဂါတွေကိုပါ ခံစားလာကြရပါတယ်။ ကိုယ်မှာရောဂါရတာထက် စိတ်မှာခံစားရတာ ပိုပြီးကြာရှည်တတ်ပါတယ်။ ဒါကြောင့် **စိတ်ထောင်းတော့ ကိုယ်ကြော၊ စိတ်ပျို-ကိုယ်နု**ဆိုတဲ့ စကားပုံတွေ ဖြစ်ပေါ်လာရတာပါပဲ။သဘာဝဘေးနဲ့ပတ်သက်လို့ လူတွေနဲ့ စာရင် တောနေတိရစ္ဆာန်တွေက သူတို့ရဲ့အာရုံသိနဲ့ ကြိုတင်သိနိုင်ကြတယ် လို့ ကြားဖူးမှတ်ဖူးပါတယ်။ ဒါ့ကြောင့် တချို့နေရာတွေမှာရွေးတိရာ၊ မြေလျင်လှုပ်တာ ကြုံတွေ့ရချိန်မှာ တိရစ္ဆာန်တွေက ဘေးလွတ်ရာကို ကြိုတင်ရှောင်ပြေးတတ် ကြတယ်လို့ ဆိုကြပါတယ်။

သဘာဝဘေးအန္တရာယ်တွေဟာ အမြဲတစေမဟုတ်ပေမယ့် ရံဖန်ရံခါမှာ မမျှော်လင့်ဘဲ ကျရောက်ဖြစ်ပွားလာတတ်ပါတယ်။ ဒီအခါမှာ ကိုယ်တွေ့ ကြုံမှ **ခြေမကိုင်မိ လက်မကိုင်မိ**ဆိုသလို **ခလုတ်ထိမှ အဖိတ** တတ်ကြတာ ထုံးစံပါပဲ။ သဘာဝဘေးအန္တရာယ်တွေကို **မျက်နှာလွှဲခဲပစ်** မလုပ်ဘဲ လူတွေ သတိပြုဖိုကြိုးစားလိုက်ရင် အဆောက်အအုံတွေပျက်စီးကြရာ၊ စီးပွားတွေပျက်စီး ကြရာ၊ ရောဂါတွေဖြစ်ပွားကြပြီး အတိဒုက္ခရောက်ကြရတာ အလွန်ပဲ စိတ် မချမ်းမြေ့စရာ ကောင်းလှပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုမှာ သဘာဝ ဘေးအန္တရာယ်တွေကြောင့် ပျက်စီးဆုံးရှုံးရတဲ့အထဲက ကျန်းမာရေးဆိုင်ရာ အဆောက်အအုံတွေပျက်စီးပြီး ဒုက္ခရောက်ကြရတဲ့ အဖြစ်အပျက်ကလေး တချို့ကို သင်ခန်းစာယူနိုင်ဖို့ အနည်းငယ် တင်ပြလိုပါတယ်။

၂၀၀၁ခုနှစ်ကအိန္ဒိယနိုင်ငံ ဂူဂျရတ်မှာ အင်အားရစ်ချိတာစကေး ၇ဒသမ၇အဆင့်ရှိတဲ့ မြေလျင်လှုပ်တဲ့အတွက် ကျန်းမာရေးနီးနွယ် အဆောက် အအုံ ၃၈၁၂ ပျက်စီးခဲ့ရပါတယ်။ အဲဒါတွေ ပြန်လည် တည်ဆောက်ဖို့ ခန့်မှန်းကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ သန်း ၆၀တောင်ရှိတယ် ဆိုပါ တယ်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂ရြေကာ အရှေ့တောင်အာရှဒေသမှာ လှုပ်ခဲ့တဲ့ မြေလျင်နဲ့ ဆူနာမီ (Tsunami) ကြောင့် အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် မှာ ကျန်းမာရေးဌာန ၂၄၀ရှိတဲ့အနက် ၃၀ဟာ ပျက်စီးခဲ့ပါတယ်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလက အိန္ဒိယနိုင်ငံ ဂျမူးနဲ့ ကက်ရှ်မီးယား မြေလျင်ကြောင့် ကျန်းမာရေးဌာန ၃၈ ခု သုံးမရတော့လောက်အောင် လုံးဝပျက်စီးခဲ့ရပြီး ၁၄၇ခုကတော့ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပါတယ်။ ၇၇ခု ကတော့ ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးခဲ့ရပါတယ်။ ကျန်းမာရေး ဝန်ထမ်း ၇၀၀လောက် သေကျေ(ဒါမှမဟုတ်) ပျောက်ဆုံးခဲ့တယ်လို့သိရပါတယ်။ မော်လဒိုက် နိုင်ငံမှာတော့ ဆေးရုံ သုံးရုံ၊ ကျန်းမာရေးဌာန ၂၀ ပျက်စီးခဲ့ရပါ တယ်။ ကျွန်းငယ် ၁၃ခုမှာ မြို့တင်းနေထိုင်ကြတဲ့ လူဦးရေ ၅၀၀၀ကျော်ကို ကယ်ဆယ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရတယ်လို့ ဆိုပါတယ်။ သီရိလင်္ကာ နိုင်ငံမှာ ကျန်းမာရေးအဆောက်အအုံ ၉၂၃ခုပျက်စီး ခဲ့ရပြီး အဲဒီအထဲမှာ ဆေးရုံ၇ရုံ ပါဝင်တယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာ အိန္ဒိယနိုင်ငံမှာလည်းပဲ ခရိုင်ဆေးရုံကြီး ခုနစ်ရုံ၊ အခြေခံကျန်းမာရေးဌာန ၁၃ရာ၊ ကျန်းမာရေးဌာနခွဲ ၈၀ တို့ ထိခိုက်ပျက်စီးခဲ့တယ်လို့ ဆိုပါတယ်။

၂၀၀၆ခုနှစ် မတ်လက အင်ဒိုနီးရှားနိုင်ငံ Bantul ခရိုင်မှာ လှုပ်ခဲ့တဲ့ မြေလျင်ကြောင့် ဆေးရုံခြောက်ရုံရှိတဲ့အနက် တစ်ရုံ ပျက်စီးသွားခဲ့ပါ တယ်။ ဒီအတွက် ကျန်ဆေးရုံတွေမှာ လူနာတွေနဲ့ ပြည့်ကျပ်သွားခဲ့ရပါ တယ်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ အိန္ဒိယနိုင်ငံမှာ ရေတွေကြီးတဲ့အတွက် ကျန်းမာရေးဌာန ၄၉၃ ရေလွှမ်းမိုး ပျက်စီးခဲ့ရပါသေးတယ်။ ၂၀၀၈ခုနှစ် မေလက တရုတ်နိုင်ငံ စီချွမ်ဒေသမှာ မြေလျင်ဒဏ်ကြောင့် ဆေးပညာသင် ကျောင်းနဲ့အဆောက်အအုံ ၁၁၀၀၀ထိခိုက်ပျက်စီးခဲ့ရပြီး လူနာသောင်းနဲ့ချီပြီး ဆေးဝါးကုသမှု ခံယူခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ခုနှစ် မေလက စာရေးသူတို့ နိုင်ငံမှာ မတ္တဲဖူးပြင်းထန်လှတဲ့ သဘာဝဘေးအန္တရာယ် Nargis အမည်ရှိတဲ့ ဆိုင်ကလုန်း မုန်တိုင်းကြောင့် လူပေါင်းတစ်သိန်းကျော် သေကျေပျောက်ဆုံး ခဲ့ရတာလည်းပဲ အမှတ်ရကြဦးမယ်ထင်ပါတယ်။ မုန်တိုင်းဝင်သွားတာ တစ်ရက် တာမျှဖြစ်ပေမယ့် ပျက်စီးမှုတွေကို ပြန်လည်တည်ဆောက်ဖို့က အချိန်ကတွ အများကြီး ကြာတတ်ပါတယ်။ မုန်တိုင်းဝင်ပြီးတဲ့နောက် အဆောက်အအုံတွေ ပြန်လည်တည်ဆောက်ကြရာမှာ မုန်တိုင်းကြောင့်ပျက်စီးသွားခဲ့ရတဲ့ ကျန်းမာရေး အဆောက်အအုံတွေကို သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ လေျင်ဒဏ်၊ မုန်တိုင်း ဒဏ်၊ ရေဘေးဒဏ်၊ မီးဘေးဒဏ်၊ လေဘေးဒဏ်ခံနိုင်အောင် ဒီဇိုင်း တွေနဲ့ တည်ဆောက်ဖို့ လိုအပ်ပါလိမ့်မယ်။

ဒီလိုသဘာဝဘေးအန္တရာယ်တွေကို ဘယ်သူမှတွေ့ကြုံခွင့်မှာ မဟုတ်ပါဘူး။ ဒီအတွက် ဘဝဆက်တိုင်း မကြုံတွေ့ပါရစေနဲ့လို့ ဆုတောင်းနေရုံနဲ့မပြီးပါဘူး။ သဘာဝဘေးအန္တရာယ် Natural Disasters တွေကို ကြိုတင်ကာကွယ်မယ့် အစီအမံတွေ၊ အဆောက်အအုံတွေ၊ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ သင်တန်းတွေ၊ ကယ်ဆယ်ရေး အစီအစဉ်တွေ ပြင်ဆင်ဆောင်ရွက်ထားကြရမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးတွေဆောင်ရွက်နိုင်ဖို့ နိုင်ငံတော် အကြီးအကဲက နိုင်ငံတော်ဝန်ကြီးချုပ် ဦလိချုပ်ကြီးသိန်းစိန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အမျိုးသားသဘာဝဘေး ကာကွယ်ဘေးငှိစောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်း ပေးပြီး မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ဒေသတွေမှာ လမ်းတွေဖြတ်၊ တံတားတွေဆင့်လို့ Cyclone Shelter တွေ ဆောက်လုပ်ခဲ့ကြပြီ ဖြစ်ပါတယ်။ **အရေးကြုံသက်သေကောင်း** ဆိုသလိုပဲ ကမ္ဘာ့ကျန်းမာရေးနဲ့ ဆောင်ပုဒ်ထဲကလို ကျန်းမာရေးအတွက် အရေးကြုံက ကျော်လွှားနိုင်ရန်ပြင်ဆင်မှ အသက်ပေါင်း များစွာ ချမ်းသာရမှာပဲ ဖြစ်ပါတယ်။

ဒေါက်တာမြတ်မြတ်အုန်းခင်

ဒီနေရာမှာ ဘေးကင်းလုံခြုံစိတ်ချရတဲ့ ကျန်းမာရေးအဆောက်အအုံ 'Safe Health Facilities' ဆိုတဲ့ စကားလေးက အရေးပါလာပါတယ်။ လုံခြုံစိတ်ချရတဲ့ ကျန်းမာရေးအဆောက်အအုံဆိုရာမှာ အချက်အလက် အင်္ဂါရပ်သုံးခု ကိုကည်ဖြေပင်ရပါတယ်။ အဲ့ဒီ အင်္ဂါရပ်တွေက အဆောက်အအုံ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ မြို့မှာရှိသည်ဖြစ်စေ၊ ကျေးလက်ဒေသမှာ ရှိသည်ဖြစ်စေ၊ အဆင့်အတန်းမြင့် အဆောက်အအုံဖြစ်စေ၊ အခြေခံ ကျန်းမာရေးဌာနခွဲဖြစ်စေ အားလုံးအကျုံးဝင်မှာ ဖြစ်ပါတယ်။ အဲဒီအချက် တွေမှာ ဘေးကင်းစိတ်ချရတဲ့ ကျန်းမာရေးအဆောက်အအုံများဟာ ဘယ်လို သဘာဝဘေးအန္တရာယ် Natural Disasters တွေကိုမဆို ကြံ့ကြံခံနိုင်ရမှာဖြစ်ပြီး သဘာဝဘေးကြုံတွေ့လာတဲ့အခါ လူနာနဲ့ ဝန်ထမ်းတစ်ဦးကိုမျှ မသေကေ။ ဒုက်ရာမရစေဘဲ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုမရှိစေရပါဘူး။ ဘယ်လို အရေးကြုံလာတဲ့ အခြေအနေမျိုးမှာမဆို လိုအပ်တဲ့အခါတိုင်း အရည်အချင်း ပြည့်ဝနိုင်ထမ်းတွေနဲ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက် နိုင်ရပါမယ်။ လိုအပ်တဲ့ရုပ်ဝတ္ထုပစ္စည်းတွေလဲ ဖြည့်ဆည်း တပ်ဆင်ထားရပါမယ်။ တိကျပြတ်သားတဲ့ စီမံချက်တွေနဲ့ အရည်အသွေး မြင့်မားအောင်လေ့ကျင့်ပေးထားတဲ့ ကျန်းမာရေးအင်အားစုတွေဟာ အမှန် တကယ်အရေးကြုံလာတဲ့အခါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက် နိုင်ရပါမယ်။

ကမ္ဘာ့နိုင်ငံအတော်များများဟာ ဆေးရုံတွေ ဘေးကင်းလုံခြုံ စိတ်ချရ စေဖို့နဲ့ အသက်ပေါင်းများစွာ ကယ်တင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းတွေ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီအထဲကမှ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရပေမယ့်လို့ အောင်မြင်မှုရရှိခဲ့တဲ့ တည်ဆောက်ရေးလုပ်ငန်းကြောင့် လူနာသောင်းပေါင်း များစွာ ကုသကယ်တင်နိုင်ခဲ့တဲ့ သာဓကလေးတစ်ခု၊ နှစ်ခုလောက်ကို အနည်းငယ်တင်ပြ လိုပါတယ်။ မကွဆီကိုနိုင်ငံမှာ လေ့ကျင့်ပေးထားတဲ့ ကယ်ဆယ်ရေး ဝန်ထမ်းတွေဟာ ရောဂါကို စစ်ဆေးဆုံးဖြတ်နိုင်ကြတယ်လို့သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုင်ကလုန်း မုန်တိုင်းနဲ့ ရေလွှမ်းမိုးမှုတွေကြောင့် အတိဒုက္ခရောက်တာကို ကူညီပံ့ပိုးနိုင်ဖို့ ကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းမျိုးစုံနဲ့နီးနွှယ်တဲ့ အဆောက်အအုံတွေ၊ ပညာရေးနဲ့ စိုက်ပျိုးရေး ဆိုင်ရာ အဆောက်အအုံတွေ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ၂၀၀၇ခုနှစ်က ဆီဒါ (Sidir) အမည်ရတဲ့ ဆိုင်ကလုန်းမုန်တိုင်း ကြုံတွေ့ခဲ့ကြရတဲ့ လူထောင်သောင်းချီ ပြီး ကယ်တင်နိုင်ခဲ့တယ်လို့ သိရပါတယ်။

ကမ္ဘာ့နိုင်ငံအတော်များများဟာ ဆေးရုံတွေ ဘေးကင်းလုံခြုံစိတ်ချရစေဖို့နဲ့ အသက်ပေါင်းများစွာကယ်တင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုလုပ်ငန်းတွေ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီအထဲကမှ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရပေမယ့်လို့ အောင်မြင်မှုရရှိခဲ့တဲ့ တည်ဆောက်ရေးလုပ်ငန်းကြောင့် လူနာသောင်းပေါင်း များစွာ ကုသကယ်တင်နိုင်ခဲ့တဲ့ သာဓကလေးတစ်ခု၊ နှစ်ခုလောက်ကို အနည်းငယ်တင်ပြ လိုပါတယ်။ မကွဆီကိုနိုင်ငံမှာ လေ့ကျင့်ပေးထားတဲ့ ကယ်ဆယ်ရေး ဝန်ထမ်းတွေဟာ ရောဂါကို စစ်ဆေးဆုံးဖြတ်နိုင်ကြတယ်လို့သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုင်ကလုန်း မုန်တိုင်းနဲ့ ရေလွှမ်းမိုးမှုတွေကြောင့် အတိဒုက္ခရောက်တာကို ကူညီပံ့ပိုးနိုင်ဖို့ ကျန်းမာရေး ဆောင်ရွက်မှုလုပ်ငန်းမျိုးစုံနဲ့နီးနွှယ်တဲ့ အဆောက်အအုံတွေ၊ ပညာရေးနဲ့ စိုက်ပျိုးရေး ဆိုင်ရာ အဆောက်အအုံတွေ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ၂၀၀၇ခုနှစ်က ဆီဒါ (Sidir) အမည်ရတဲ့ ဆိုင်ကလုန်းမုန်တိုင်း ကြုံတွေ့ခဲ့ကြရတဲ့ လူထောင်သောင်းချီ ပြီး ကယ်တင်နိုင်ခဲ့တယ်လို့ သိရပါတယ်။

အလားတူ ဂျပန်၊ ပါကစ္စတန်နဲ့ ဩဇူနိုင်ငံတို့မှာ မြေလျင်ဒဏ်ခံ ကျန်းမာရေး အဆောက်အအုံတွေ တည်ဆောက်ခေပြီ ဖြစ်ပါတယ်။ စာရေး သူတို့ တစ်သက်မှာ Nargis လို အဖျက်ဝင်မြေအားပြင်းထန်လှတဲ့ သဘာဝဘေး မုန်တိုင်းမျိုး နဖူးတွေ့ဖူးတွေ့ မတွေ့ကြုံခဲ့ရဖူးပါဘူး။ ၂၀၀၈ခုနှစ် မေလ ၂ရက်နေ့မှာသာ သွေးပျက်ဖွယ် တွေ့ကြုံကြားသိခဲ့ကြရတာပဲ ဖြစ်ပါတယ်။ နိုင်ငံအကြီးအကဲတွေနဲ့ တာဝန်ရှိသူတွေဟာ ဆိုင်ကလုန်း မုန်တိုင်းဒဏ်ခံရတဲ့ ကျေးလက်ဒေသတွေအထိ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်တဲ့အစီအစဉ်တွေ အမြန်ဆုံးချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နာဂစ် အလွန်ကာလမှာ လူထမ်းစုစိတ်ချမ်းသာကိုယ်ကျန်းမာစွာနဲ့ အဆင့်အတန်း မြင့်မားစွာ နေထိုင်ကြရတာ ဖြစ်ပါတယ်။ အလားတူ နာဂစ်ဒဏ်ခံရတဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနဲ့ သာသနိကအဆောက် အအုံတွေကို ချက်ချင်း ပြန်လည်တည်ဆောက်ပြီး လိုအပ်တဲ့ဆေးဝါးနဲ့ ဆေးရုံသုံး ပစ္စည်း ကိရိယာတွေ၊ ခေတ်မီရောဂါရှာဖွေရေး စက်ကိရိယာတွေ၊ အထူးကု ဆရာဝန်ကြီးတွေနဲ့ ကျွမ်းကျင်ပညာရှင်တွေ ဖြည့်တင်းဆောင်ရွက် ပေးနိုင်ခဲ့တာမို့ ကျန်းမာရေးဆိုင်ရာ ကြီးမားတဲ့ပြဿနာတွေမရှိခဲ့တာ ဖြစ်ပါ တယ်။ နိုင်ငံတော်၏ ဦးဆောင်စီစဉ်ဆောင်ရွက်မှု၊ တိုင်းရင်းသား လှုပ်ရှားရှင် များနှင့် စေတနာရှင်ပြည်သူများ၏ ပိုင်းဝန်းထောက်ပံ့မှု၊ နိုင်ငံတကာရဲ့ကူညီ ပံ့ပိုးမှုတွေကြောင့် ပျက်စီးမှုများကို အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးနိုင် ခဲ့ပါတယ်။

ဒီနေရာမှာ စာရေးသူတင်ပြချင်တဲ့အချက်က ကျန်းမာရေးနဲ့ ပတ်သက်တဲ့ လှုပ်ရှင်းတွေဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ထမ်းတွေချည်းပဲ ဆောင်ရွက် ၍ မရသလို တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့ ဆောင်ရွက်လို့မရနိုင်ပါ ဘူး။ ကျန်းမာရေးနှင့်ပတ်သက်လို့ လူတစ်ဦးချင်းမှာ မှန်ကန်တဲ့အသိအမြင်၊ အတွေ့ အကြုံ၊ ဗဟုသုတနဲ့ ခံယူချက်တို့ အကောင်အထည်ဖော်နိုင်ဖို့ Community Participation ဆိုတဲ့လူအများပါဝင်ဆောင်ရွက်မှုသာ ရည်မှန်းချက် အောင်မြင် ပေါက်ရောက်နိုင်တယ်ဆိုတာကို ပြောချင်တာပါ။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဟာ လူတွေအတွက် ဆိုးကျိုးဖြစ်စေခဲ့ပေမယ့် တစ်ချိန်တည်းမှာ သင်ခန်းစာတွေအများကြီးကိုလည်း ပေးလိုက်တဲ့အတွက် သဘာဝဘေးကြုံတွေ့မယ်ဆိုရင် မတွန့်လှုပ်ဘဲ တည်တည်ငြိမ်ငြိမ် ဖြေရှင်းနိုင် မယ့် နည်းလမ်းတွေကို တစ်ပွေ့တစ်ပိုက်ကြီး ရရှိလိုက်တာပဲ။ **အန္တိုးထဲက အမြတ်** လို့ဆိုရမှာပါ။ ဒါကြောင့် စာရေးသူတို့ ဆေးလောကက ပြောစမှတ် ပြုကြတဲ့ **ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို့ကောင်း၏** ဆိုသလို သဘာဝ ဘေးကြုံတွေ့တဲ့အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါး အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်တယ်ဆိုတာကို ရေးသားတင်ပြ လိုက်ရပါတယ်။ ။

ကြေးမုံသတင်းစာ စာမျက်နှာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ကျိုက်ထို-ဟ်လမြိုင်၊ သထုံ-မြိုင်ကလေး လမ်းအပိုင်း ပြုပြင်နေမှုနှင့် ရေဒီယိုဖိတာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်း(ဘီးလင်း) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ ၁၆ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သံလွင်တံတား(ဘားအံ)၏ ကြိုခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ကွန်ပျူတာတက္ကသိုလ် (ဘားအံ) ကျောင်းအုပ်ကြီးထံ အားကစားပစ္စည်းများနှင့်လက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဘားကပ်ကျေးရွာ၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် အဝင်လမ်း ကျောက်ခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ရွှေသံလွင်ဟိုးဝေး ကုမ္ပဏီ၏ သထုံ-ဘားအံ လမ်းအပိုင်းတွင် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း၊ ရန်ကုန်-မြိတ်လမ်း ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ရွှေသံလွင်ကုမ္ပဏီ၏ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရွှေသံလွင်ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာက ကျိုက်ထို-ဟ်လမြိုင် လမ်းအပိုင်းနှင့် သထုံ-မြိုင်ကလေးလမ်းအပိုင်း လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လုပ်ငန်းဆောင်ရွက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဘီးလင်း-ကျိုက်ထိုလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ရေဒီယိုဖိတာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်း (ဘီးလင်း)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူးက စက်ရုံဆောက်လုပ်မည့် စက်ရုံအဆောက်အအုံများနှင့် အရွယ်အစားများ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း စက်ရုံမှူးက ထုတ်လုပ်မည့်တာယာအမျိုးအစားများ၊ တပ်ဆင်ဆောင်ရွက်မည့် စက်အမျိုးအစားများနှင့် စက်ပစ္စည်းရောက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည်စက်ရုံတည်ဆောက်မှု လုပ်ငန်းခွင်ကို လည်ကောင်း၊ စက်ရုံအမှီပြုများများ ပြုလုပ်နေမှုကိုလည်ကောင်း ကြည့်ရှုစစ်ဆေးပြီး ကျိုက်ထိုမြို့တွင် ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဘီးလင်းမြို့ရှိ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွင် စက်ရုံအမှီးပြုများများ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း တရုတ်ကုမ္ပဏီစားလှယ်အဖွဲ့ တာဝန်ရှိသူများနှင့် စက်မှုဓိမံကိန်းများ အကောင်အထည်ဖော်မှုဆွေးနွေး

နေပြည်တော် မေ ၁၈

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co.,Ltd. မှ President, Ms. Luo Yan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် China CAMC Engineering Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် စက်မှုဖွံ့ဖြိုးရေး ဖူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို အလေးအနက်ထားဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မေ ၁၈ရက်က ဥရောပသမဂ္ဂနေအထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် မြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီးတို့အား ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဥရောပသမဂ္ဂလုံးမှ သံအမတ်ကြီး H.E.Mr.David Lipman နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အာရှလူငယ် အမျိုးသားဟော်ကီပြိုင်ပွဲကျင်းပရေး အလှူငွေပေးအပ်

ရန်ကုန် မေ ၁၈

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က အိမ်ရှင်နိုင်ငံအဖြစ် ကြီးမှူးကျင်းပမည့် အသက် (၁၈)နှစ်အောက် အာရှလူငယ် အမျိုးသား ဟော်ကီပြိုင်ပွဲအတွက် အာရှဟော်ကီအဖွဲ့ချုပ်က မြန်မာနိုင်ငံ၌ ကျင်းပပေးနိုင်ပါရန် ပေးပို့သည့်စာအား အားကစား ဝန်ကြီးဌာနသို့ ပေးအပ်သည့် အခမ်းအနားနှင့် ပွဲကြည့်ဧင်သစ် တည်ဆောက်နိုင်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၆ ရက် ည ၇ နာရီခွဲတွင် ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင် တကောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ် ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရဲအေးမြင့် တက်ရောက်အားပေးပြီး အလှူငွေများကို လက်ခံသည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် နာယကများဖြစ်ကြသော တပ်မတော် ဗိုလ်ချွေးအဖွဲ့တပ်မှူး ဗိုလ်မှူးကြီးကျော်နိုင်ဦး၊ ဒေါ်မြင့်မြင့်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထင်ဇော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အမှုဆောင်များ၊ အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးကအဖွင့်အမှာစကား ပြောကြားပြီး အာရှဟော်ကီအဖွဲ့က ပေးပို့သည့်စာအား အဖွဲ့ချုပ်ဥက္ကဋ္ဌက ဝန်ကြီးထံ ပေးအပ်သည်။

ထို့နောက် အလှူငွေ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အားကစားဝန်ကြီးဌာနက လျှဒါန်းငွေကျပ် သိန်း ၅၀၀ အပါအဝင် Alpine သောက်ရေသန့်စင်ဦးဟန်မင်းထွန်းက ငွေကျပ် သိန်း ၁၀၀၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်က ငွေကျပ်သိန်း ၁၀၀နှင့် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်း၊ အတွင်းရေးမှူး ဦးခင်မောင်လတ်၊ ဘဏ္ဍာရေးမှူး ဦးအောင်သန်း၊ အမှုဆောင် ဦးမွဆာအေမဒါ၊ နိုင်ဂရု(ပ်)ဆောက်လုပ်ရေးမှ ဦးဇော်နိုင်ဦး၊ Asia World မှ ဦးထွန်းမြင့်နိုင်တို့က ငွေကျပ် ၁၀သိန်းစီ အပါအဝင် အလှူရှင် ၃၂ ဦးတို့က စုစုပေါင်း ငွေကျပ် ၈၂၉သိန်းနှင့် ငါးသောင်းကျပ်ကို လျှဒါန်းကြရာ ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံကြသည်။

အသက် (၁၈)နှစ်အောက် အာရှလူငယ် ဟော်ကီပြိုင်ပွဲကို မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် မြက်ခင်းတု ဟော်ကီကွင်း၌ နိုဝင်ဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂၂ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ မြန်မာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မလေးရှား၊ ထိုင်း၊ တောင်ကိုရီးယား၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရှိရသည်။

(၁၉)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ပွဲကြည့်ဧင်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရဲအေးမြင့်ထံ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင် အလှူငွေ ကျပ်သိန်း ၁၀၀ ပေးအပ်စဉ်။

(၁၉)

သတ်မှတ်ကာလအထိ ရေချိုပုစွန်တုပ်ကြီးများကို ဘေးမဲ့ပေးရန် နှိုးဆော်

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကဟ်နေသော (သို့မဟုတ်) ဥခွင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည် ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြန်းတီးစေရာရောက်သောကြောင့် ဥကဟ်နေသော (သို့မဟုတ်) ဥခွင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်အမြောက်များအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂ ၄၄၊ ၄၅"ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေရေးနှင့် မျိုးပြန်းတီးမှုမှ ကာကွယ်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို နယုန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန



ပီလောပီနှံပများ

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်း၌ ပီလောပီနှံစိုက်ခင်းများမှ ထွက်ရှိသော အချွယ်အစားကြီးမားသည့် ပီလောပီနှံများကို ဤသို့တွေ့ရသည်။

✻ ပီလောပီနှံ

ဒုတိယအခေါက်၌ အပေါ်ဝီးမြင်ကွင်းကို ထပ်မံကြည့်ရှုရပြန်သောအခါ အားရကျေနပ်သည်ဆိုသော အသုံးအနှုန်းဖြင့် မလုံလောက်တော့ဘဲ ရင်သပ်ရှုမော အံ့သြရသည် ဟူ၍သာ ဆိုချင်ပါတော့သည်။

ဒုတိယအခေါက် ရောက်ဖြစ်ခဲ့ချိန်တွင် ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်း၏ စက်ရုံမြေနေရာ၌ ပြုလုပ်သော ပီလောပီနှံကော်မှန့်စက်ရုံ ရထာနာအုတ်မြစ်စိုက် မင်္ဂလာအခမ်းအနားနှင့် ကြုံကြိုက်ခဲ့၍ စီမံကိန်း၏ အနာဂတ်အလားအလာ ကောင်းမွန်မှုကို တွက်ဆတြည့်နိုင်ခဲ့သည်။

ယုဇနကုမ္ပဏီ လီမိတက် သည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုကိုခံယူ၍ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းကို ကချင်ပြည်နယ် မြစ်ကြီးနား- တနိုင်းလမ်းရှိ ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ် ထိစပ်ရာ ဘန်ကောက်ကျေးရွာအနီး၌ မြေလွတ်မြေရိုင်း ဧက ၂၃၅၀၀၊ သစ်တောမြေကော ၁၄၆၀၀ စုစုပေါင်း ဧက ၂၅၀၀၀ ပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် အဓိကသီးနှံအဖြစ် ပီလောပီနှံစိုက်ပျိုးပြီး ကြံ၊ ပြောင်း၊ ပဲပုပ်၊ စပါးနှင့် အခြားသီးနှံတို့ကို စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးရာတွင် ပြည်တွင်းလောင်စာဆီ၊ စားသုံးဆီ၊ သကြားဖုလုံစေရန်နှင့် နိုင်ငံခြားဝင်ငွေကိုးတက်ရရှိရန်ရည်ရွယ်၍ ဒေသနှင့် ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများကိုဦးစားပေး၍ စိုက်ပျိုးခြင်းဖြစ်သည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့်လည်း ဒေသစားသုံးမှု ဖုလုံစေရန်နှင့် နိုင်ငံခြားဝင်ငွေရရှိစေရန် ရည်ရွယ်၍ ငါး၊ နွားနှင့် အသားတိုးဝက်တို့ကို မွေးမြူလျက်ရှိသည်။

စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြေယာရှင်းလင်းခြင်း၊ သစ်မြစ်သစ်ကိုင်းများကို စက်ယန္တရားများဖြင့် ဖော်ထုတ်ရှင်းလင်းခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်း လုပ်ငန်းများကို စီမံခန့်ခွဲမှုအဖွဲ့၊ ထောက်ပံ့မှုအဖွဲ့နှင့် သယ်ယူပို့ဆောင်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စိုက်ကွင်းလမ်း၊ မြောင်း၊ တံတား တည်ဆောက်ခြင်းနှင့် အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများတွင် Bulldozer ၅၅စီး၊ Excavator ၅၂စီး၊ Farmer Excavator ၆စီး၊ Wheel loader ၆စီး၊ Roller လေးစီး၊ Motor Grater ၆စီး၊ Tractor (John Deere) ၁၉၂စီး၊ Dump Track ၄၅စီးနှင့် 10 Wheel Truck ၆စီးစီတို့ကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်။

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် လုပ်သားဖြို့ တည်ဆောက်ခြင်းလုပ်ငန်း၊ ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်း၊ သင်တန်းကျောင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဧည့်တည်ဆောက်ခြင်းလုပ်ငန်း၊ စေတီ၊ ကျောင်း၊ ကန်တည်ဆောက်ခြင်းလုပ်ငန်း၊ အပန်းဖြေရိပ်သာ တည်ဆောက်ခြင်းလုပ်ငန်း၊ သုတေသနစခန်း တည်ဆောက်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်ဝန်ဆောင်မှုလုပ်ငန်း၊ လမ်း၊ တံတား တည်ဆောက်မှုလုပ်ငန်း၊ စက်ရုံများ၊ သိုလှောင်ရုံများ တည်ဆောက်မှုလုပ်ငန်းတို့ ပါဝင်သည်။

စွန့်ပြီးတီထွင်ကုမ္ပဏီတစ်ခု ဖြစ်သော ယုဇနကုမ္ပဏီလီမိတက်သည် တနှသ်ာရီတိုင်းဒေသကြီး ဆီအုန်းပင်များကို ဧကများစွာစိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။ ကချင်ပြည်နယ်မှ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းသည်လည်း မကြာမီနှစ်များအတွင်း အောင်မြင်မှု အသီးအပွင့်များကို ခံစားရတော့မည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်း၌ အဓိကစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်မှာ ပီလောပီနှံပင်များဖြစ်သည်။ ယုဇနဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းမှ ထွက်ရှိသော ပီလောပီနှံဥများသည် စံချိန်တင်လောက်အောင် အရွယ်အစား ကြီးမားမှုအဖွဲ့ဟူ၍ အဖွဲ့များဖွဲ့၍ ဆောင်ရွက်လျက်ရှိသည်။

ပီလောပီနှံမျိုးစေ့ထုတ်လုပ်ရေးဌာနတွင် အမျိုးသမီးဝန်ထမ်းများက ကိုးလက်မအရွယ် ပီလောပီနှံကိုင်းများကို ဓားဖြင့်အဆစ်များဖဲ့ထုတ်၍ မျိုးစေ့ ပြုလုပ်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းကို စီမံခန့်ခွဲရေးနှစ်ထမ်း ၇၉၉၅၊ စိုက်ပျိုးရေးဝန်ထမ်း ၆၇၉၊ ထွန်စက်အဖွဲ့ ၂၄၅၅၊ ယန္တရားအဖွဲ့ ၁၃၀၉၊ စိုက်ပျိုးရေးလုပ်သား ၃၀၀၀၊ ဆောက်လုပ်ရေးလုပ်သား ၁၅၀၀၊ စုစုပေါင်း ၅၀၂၁ ဦးဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် မြေဖွဲ့ဝင်းလင်းဖော်ထုတ်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စိုက်ကွင်းလမ်း၊ မြောင်း၊ တံတား တည်ဆောက်ခြင်းနှင့် အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများတွင် Bulldozer ၅၅စီး၊ Excavator ၅၂စီး၊ Farmer Excavator ၆စီး၊ Wheel loader ၆စီး၊ Roller လေးစီး၊ Motor Grater ၆စီး၊ Tractor (John Deere) ၁၉၂စီး၊ Dump Track ၄၅စီးနှင့် 10 Wheel Truck ၆စီးစီတို့ကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်။

ထွန်စက်များပြင့် မြေပြုပြင်

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် ပီလောပီနှံစိုက်ပျိုးရန် ထွန်စက်များဖြင့် မြေပြုပြင်လျက်ရှိသည်ကို ဤသို့တွေ့ခဲ့ရသည်။

ပီလောပီနှံပင်များကို ကားများဖြင့်သယ်ယူ

ပီလောပီနှံမျိုးစေ့ထုတ်လုပ်ရေးဌာနတွင် မျိုးစေ့ထုတ်လုပ်ရန်အတွက် ပီလောပီနှံပင်များကို ကားများဖြင့်သယ်ယူကာ စုပုံနေမှုကို ဤသို့တွေ့ရသည်။

ပီလောပီနှံကော်မှန့်များကို ထွက်သမျှ ဝယ်ယူရန် ကြိုတင်ကမ်းလှမ်းထားပြီဖြစ်ကြောင်းသိရသည်။

ယုဇနကုမ္ပဏီဒါရိုက်တာ ဦးဆန်နီက "တရုတ်နိုင်ငံက လူတွေ ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းကို လာရောက်လေ့လာပြီး အထူးသဘောကျကြတယ်။ ဒီကထွက်ရှိသမျှ ပီလောပီနှံဥတွေကိုလည်း ဝယ်ယူဖို့ ခုကတည်းက လာပြီးကမ်းလှမ်းနေကြတယ်။ အခု ပီလောပီနှံ ကော်မှန့်စက်ရုံကို တည်ဆောက်နေတာကလည်း ဒီရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ သူတို့ကတော့ ကုန်ကြမ်းဖြစ်တဲ့ ပီလောပီနှံဥကိုတောင် ရရင် ဝယ်ချင်နေကြတယ်။ ကျွန်တော်တို့က ကော်မှန့်လုပ်ပြီးမှ သူတို့ဆီကို ရောင်းမှာပါ၊ ဒါမှ အကျိုးအမြတ် ပိုရသလို ကိုယ့်ဒေသက လူတွေ အလုပ်အကိုင်ပိုပြီး ရမှာဖြစ်ပါတယ်။ အခုတော့ ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားလို့ ဌေကြေးစိုက်ထုတ်လို့ မလောက်နိုင်အောင်ပါပဲ။ ဆီအုန်းက ရသမျှ ပိုက်ဆံကို ဒီမှာပဲ ပြန်ထည့်နေရတာ၊ ကော်မှန့်စက်ရုံပြီးသွားရင်တော့ ဌေပြန်ပေါ်လာမှာပါ" ဟု ပြောကြားသည်။

ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်း၌ စိုက်ပျိုးထားသော ပီလောပီနှံမျိုးအမည်မှာ KU- 50 ဖြစ်ပြီး မူရင်းဒေသမှာ ထိုင်းနိုင်ငံဖြစ်သည်။ ပီလောပီနှံပင်များကို စိုက်ပျိုးပြီး တစ်နှစ်အကြာတွင် ဥများကို တူးဖော်၍ ရရှိသော်လည်း ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းတွင် အပင်သက်တမ်း နှစ်စဉ် ကျော်မှသာ ဥများကို တူးဖော်ခြင်းဖြင့် အရွယ်အစား ပိုမိုကြီးမားသော ပီလောပီနှံဥများကို ရရှိကြောင်း သိရသည်။

ယခုအခါ ပီလောပီနှံမျိုးစေ့များကို ယုဇနဘက်စုံ စိုက်ပျိုးမွေးမြူရေး စီမံကိန်း၌ ပီလောပီနှံ မျိုးစေ့ထုတ်လုပ်ရေးဌာန၌သာ ထုတ်လုပ်လျက်ရှိသည်။ ပီလောပီနှံ မျိုးစေ့ထုတ်လုပ်ရေးဌာနတွင် အမျိုးသမီးဝန်ထမ်းများက ကိုးလက်မအရွယ် ဖြတ်ထားသော ပီလောပီနှံကိုင်းများကို ဓားဖြင့်အဆစ်များကို ဖဲ့ထုတ်၍ မျိုးစေ့ပြုလုပ်လျက် ရှိသည်။

အဆိုပါ ကိုးလက်မအရွယ် ပီလောပီနှံကိုင်းမျိုးစေ့များကို ပွိသန်ဆေးရည်စိမ်၍ သန့်စင်မှု ပြုလုပ်ပြီး စိုက်ကွင်းများသို့ ကားများဖြင့် သယ်ဆောင်ကာ စိုက်ပျိုးလျက်ရှိသည်။

ယုဇနကုမ္ပဏီလီမိတက် သည် ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ ဒေသ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် မြစ်ကြီးနား-နမ့်မတီး-တနိုင်း လမ်းပိုင်းအား ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက် အပည်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

သတင်းသမားတစ်ဦး အနေဖြင့် မြန်မာပြည်တစ်နံတစ်လျားသို့ ခရီးဆန့်ရင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးဒြများကို မကြာခဏ ဝင်ရောက်ကြည့်ရှုခွင့်ရခဲ့ပါသည်။သို့သော်လည်း ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းကဲ့သို့ လုပ်ငန်းပမာဏကြီးမားပြီး စက်ယန္တရားများ အင်ပြည့် အားပြည့် အသုံးပြုသော စီမံကိန်းမျိုးကို မတွေ့ခဲ့ဖူးပါ။ ကချင်ပြည်နယ်မှ ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေး စီမံကိန်းသည် ဇော်မီမှဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အောင်ဆန်းကွင်းတွင် အပြေရှာကြမည့် Delta United F.C နှင့် မကွေး F.C

MNL Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ တတိယနေ့ပွဲစဉ်အဖြစ် မေ ၁၉ ရက် (ယနေ့) ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ဆက်လက် ကျင်းပမည်ဖြစ်ရာ ဧရာဝတီတိုင်း ကိုယ်စားပြု Delta United F.C နှင့် မကွေးတိုင်းကိုယ်စားပြု မကွေး F.C အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အခွင့်အရေး ၅၀ရာခိုင်နှုန်းစီပါပဲ။
ဦးဆန်းဝင်း(Delta United F.C နည်းပြချုပ်)

ယနေ့ပွဲဟာ ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။
ဦးတင်ဟန်(မကွေး F.C နည်းစနစ်ဒါရိုက်တာ)

Delta United F.C မှာ မြန်မာ့လက်ရွေးစင် ကစားသမားများဖြစ်သည့် စိုးသီဟအောင်၊ ကျော်ခိုင်ဝင်း၊ အောင်ကျော်မျိုးတို့ကို ခေါ်ယူထားသလို ပြည်ပကစားသမားများ ခေါ်ယူမှုတွင်လည်း ထူးထူးခြားခြား အာဂျင်တီးနား ကစားသမားများကို ခေါ်ယူထားသည့်အသင်းဖြစ်သည်။ ယင်းအာဂျင်တီးနား ကစားသမား သုံးဦးမှာ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် အသင်းများမှ ခေါ်ယူထားသော ပြည်ပကစားသမားများထဲတွင် လစာအများဆုံး ကစားသမားများ ဖြစ်သလို မြန်မာနေရှင်နယ်လိဂ်ကစား သမားများထဲတွင် လစာအများဆုံး ရရှိနေကြသော ကစားသမားများလည်း ဖြစ်သည်။

မကွေး F.C မှာ နည်းပြဆရာများအပြင် နည်းစနစ်ဒါရိုက်တာပါ ခန့်အပ်ထားသော အသင်းဖြစ်သည်။ လက်ရှိ မြန်မာ့လက်ရွေးစင် ကစားသမားများဖြစ်သည့် ဇော်ထက်အောင်၊ ဘိုဘို အောင်၊ ပြည့်ဖြိုးဦးနှင့် စိုးမင်းနိုင်တို့ကို ခေါ်ယူထားသော အသင်းဖြစ်သလို လက်ရွေးစင်ဟောင်းများဖြစ်သည့် လွင်ဦး၊ စည်သူဝင်း၊ အောင်မြင့်အေးနှင့် ထွန်းမင်းဦးတို့ကို ပိုင်ဆိုင်ထားသော အသင်းကောင်း တစ်သင်းလည်းဖြစ်သည်။ ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဇ F.C တို့နှင့် ခြေဝင်ကစားထားခဲ့သည်။

Delta United F.C နည်းပြချုပ် ဦးဆန်းဝင်းက အကောင်းဆုံးဖြစ်အောင် လေ့ကျင့်ပြင်ဆင်နေကြောင်း၊ အာဂျင်တီးနားကစားသမားများနှင့် ပြည်တွင်းကစားသမားများမှာလည်း အတော်ပင် အတွဲမိနေပြီဖြစ်ကြောင်း၊ ယင်းပြည်ပကစားသမားများမှာ အသင်းနှင့် အံဝင်လာပြီဖြစ်သလို ပြည်တွင်းကစားသမားများကိုလည်း တွဲခေါ်ပေးနေ၍ ပိုအဆင်ပြေကြောင်း၊ ယင်းသုံးဦးစလုံးမှာ ရှေ့လယ်၊ နောက် နေရာများတွင် ကစားကြသူများဖြစ်ပြီး ယနေ့ပွဲတွင် First Line Up များအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ မကွေးအသင်းမှာလည်း နည်းပြဆရာကောင်း၊ ကစားသမား ကောင်းများဖြင့် ဖွဲ့စည်းထားသော အသင်းကောင်းဖြစ်ပါကြောင်း၊ အနိုင်ရရန် နှစ်သင်းစလုံး အခွင့်အရေး ၅၀ ရာခိုင်နှုန်းစီရှိကြောင်း၊ ယနေ့ပွဲကို ဟာသတနှင့်ပုသိမ်မြို့တို့မှ မြို့ခံပရိသတ်များ လာရောက်အားပေးရန်ရှိသလို အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းရှိနှင့် ရောဝတီမှ လုပ်ငန်းရှင်များ၏ ကုမ္ပဏီများမှ ဝန်ထမ်းများလည်း လာရောက် အားပေးကြမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်မှာ ခွန်ပိယဖြစ်ရန်ဖြစ်ပြီး ယင်းအတွက်လည်း အားလုံးကြိုးစားနေကြကြောင်း ပြောကြားခဲ့သည်။

မကွေး F.C နည်းစနစ်ဒါရိုက်တာ ဦးတင်ဟန်က လက်ရွေးစင်ကစား သမားများနှင့် လူငယ်ကစားသမားများဖြင့် အသင်းကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး အကောင်းဆုံးအနေအထားရရှိအောင် ပြင်ဆင်နေပါကြောင်း၊ ကစားသမား များ၏ကြိုးစားအားထုတ်မှုကို အားရကျေနပ်သော်လည်း အသင်းမှာ အကောင်းဆုံးအနေအထားသို့ မရောက်ရှိသေးကြောင်း၊ ယနေ့ပွဲတွင် လုစုံပါဝင်မည်ဖြစ်ကြောင်း၊ Delta United F.C မှ မြန်မာကစားသမားများ၏ ကစားပုံကို သိသော်လည်း အာဂျင်တီးနားကစား သမားသုံးဦး၏ ကစားပုံကို မတွေ့ဖူးသေးကြောင်း၊ ယနေ့ပွဲမှာ အကြိတ် အနယ်ဖြင့် ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာကြောင်း၊ အသင်းပိုင်ရှင်နှင့် တာဝန်ရှိသူများကလည်း လိုလေသေး မရှိအောင်ပံ့ပိုးပေးထားကြောင်း၊ ယခု ပြိုင်ပွဲတွင် ထိပ်ဆုံးလေးသင်းစာရင်းဝင် အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

သတင်းနှင့်ဓာတ်ပုံ စိုးညွှန့်(ကြေးမုံ)

မိုဟက်ဒ်နှင့် မန်ယူ လမ်းခွဲရန် ပိုပိုနီးစပ်လာ

လန်ဒန် မေ ၁၈

တိုဟက်ဒ်အတွက် ကျော်ရတဲ့အိုယန်ကပေါင် ၂၅ သန်း တောင်းဆိုထားခြင်းကြောင့် မန်ယူနည်းပြ ဖာဂူဆန်က ယင်းတောင်းဆိုမှုကို လျှော့ချရန်နှင့် မလျှော့ပါက တိုဟက်ဒ်အနေဖြင့် မန်ယူတွင် ဆက်လက်ရှိနေရမှာ မဖြစ်နိုင်တော့ကြောင်း သတိပေးပြောကြားလိုက်သည်။ ယခုရာသီကုန်တွင် အင့်ဒားစာချုပ် သက်တမ်း ကုန်ဆုံးတော့မည့် အာဂျင်တီးနား တိုက်စစ်မှူး တိုဟက်ဒ်အား မန်ယူအသင်းနှင့် အမြဲတမ်း စာချုပ်ချုပ်ဆိုရန် မန်ယူဝန်ထမ်းများက တောင်းဆိုခဲ့ကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် တိုဟက်ဒ်၏ ကိစ္စနှင့်ပတ်သက်၍ ဇွန်လတွင် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ဆိုထားသော်လည်း ၎င်းအနေဖြင့် တောင်းဆိုမှုမလျှော့ချပါက ယင်းဆွေးနွေးမှုကို ပြုလုပ်ရန် မလိုတော့ကြောင်း ဖာဂူဆန်က ထပ်မံပြောဆိုလိုက်ကြောင်း သိရသည်။ တိုဟက်ဒ်အား ပေါင် ၂၅ သန်းဖြင့် ရောင်းချရုံမှ သတ်မှတ်ထားသော်လည်း မန်ယူက ပေါင် ၁၈ သန်းခန့်သာ ပေးရန် ဆန္ဒရှိနေသည်။ ပြီးခဲ့သည့် စနေနေ့က အာဆင်နယ်နှင့်ပွဲအပြီးတွင် တိုဟက်ဒ်က သူ့အနေဖြင့် မန်ယူအသင်းတွင် ဆက်နေနိုင်ဖို့ မဖြစ်နိုင်တော့ကြောင်း၊ အသင်း၏ဆိုးရွားစွာ ဆက်ဆံခြင်းကို ခံခဲ့ရကြောင်း၊ မန်နေဂျာနှင့် သဘောထားချင်းမတိုက်ဆိုင်တဲ့နောက် အသင်းကထွက်ရုံအပြင် သူ့အတွက်ရွေးချယ်စရာ မရှိတော့ကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

ဘောလုံးလောက သတင်းတိုများ

- **မန်ယူကစားသမားများနှင့် ပရိသတ်များကဖေးအပ်ခဲ့သည့် တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို အသင်းမှ ဆာဘီးယားသား နောက်ခံလူ ဒီဇစ်ရရှိသွားကြောင်း သိရသည်။**
- **မန်စီးတီးအသင်းဥက္ကဋ္ဌ မူဘာရက်ခ်ိတ အသင်းမန်နေဂျာ မာ့ဒ်ဟုရီမှာ လာမည့်ရာသီတွင် အသင်း၌ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားလိုက်သည်။**

ဝင်းတင်(ကြေးမုံ)

ချယ်လ်ဆီးအသင်းအား ကိုင်တွယ်မည်ဟု အန်ဆန်လော့တီ အတည်ပြုပြောကြား

ဗီလန် မေ ၁၈

လက်ရှိအစီဗီလန်အသင်း၏ နည်းပြဖြစ်သူ အန်ဆန်လော့တီက သူ့အနေဖြင့် လာမည့်ရာသီတွင် ချယ်လ်ဆီးအသင်းအား ကိုင်တွယ်မည်ဆိုသည့် သတင်းမှာ မှန်ကန်ကြောင်း ဗီဒီယာများအား အတည်ပြု ထုတ်ဖော်ပြောကြားလိုက်သည်ဟု သိရသည်။ အန်ဆန်လော့တီမှာ ချယ်လ်ဆီးအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုသွားရန် ရည်ရွယ်ထားပြီး ယင်းလေးနှစ်အတွက် ၎င်းအနေဖြင့် ပေါင် ၂၂ သန်း ရရှိမည်ဟုလည်း သိရသည်။ ၎င်းသည် လက်ရှိ အေစီမီလန်အသင်းအား ပွဲစဉ် (၃၆)အပြီးတွင် ရမှတ် (၇၁)မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နိုင်ကာ ချန်ပီယံလိဂ် ဝင်ခွင့် ရဖို့အတွက် ဟော်လန်နှင့် အေဇက်အသင်း နည်းပြဟောင်း တစ်ဦးဖြစ်သူ တန်ဘက်စတန်နှင့် အစားထိုးနိုင် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။ ***အင်တာနက်။***

မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာခြင်း

ကျန်းမာရေးခန့်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင် ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိရာဌာန
၁။	ကြောင်နက်အမှတ်တံဆိပ် အပူပြင်းအကြောဖြေ၊ အကြောအားတိုးဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၂။	ကြာငါးခိုင်အမှတ်တံဆိပ် ရေစင်သွေးဆေး	ကြာငါးခိုင်ဆေးတိုက် အမှတ် ၇၉၊ နမ့်ယင်း၊ မိုးကောင်းမြို့
၃။	ဂျိုးဖြူတံဆိပ် ကချင်သွေးအားတိုးဆေးကြီး	ဂျိုးဖြူဆေးဝါးလုပ်ငန်း မြစ်ကြီးနာမြို့
၄။	တူတံစဉ်အမှတ်တံဆိပ် ၂ မိနစ် အပူဓာတ်၊ ဖျားနာ၊ အကိုက်အခဲပျောက်ဆေးမှုန့်	တူတံစဉ်ဆေးဝါးထုတ်လုပ်ရေး
၅။	သမားတော် အစာကြေလေ့ပုပ်ထုတ်ဆေး	သမားတော်ဆေးတိုက် ဈေးအတွင်း၊ မိုးကောင်းမြို့
၆။	ကျော်အမှတ်တံဆိပ် ပန်းနာရင်ကျပ်ပျောက်ဆေး	လိပ်စာဖော်ပြထားခြင်းမရှိ
၇။	ကလေးသခင် ဆေးဘုရင်	ငွေစပယ်ဆေးတိုက် စံပြကွက်သစ်၊ နမ့်ဒူးမြို့၊ ကချင်ပြည်နယ်
၈။	ရွှေလရောင်အမှတ်တံဆိပ် ငါးမျိုးစပ် သူငယ်နာပေါင်းချုပ်ဆေးကြီး	သမားတော်ဆေးတိုက် ဈေးအတွင်း၊ မိုးကောင်းမြို့
၉။	အမျိုးသမီးများအတွက် မီးယပ်ဆေးကြီး	ဘဝသစ်ဆေးတိုက် အမှတ် ၁၅၅၊ ဒူကထောင်ရပ်၊ မြစ်ကြီးနာမြို့
၁၀။	မီးယပ်သွေးဆေးကြီး	လိပ်စာဖော်ပြထားခြင်းမရှိ
၁၁။	ဒူးလေး အစာအိမ်လေနိုင်ဆေး	ဝါညားဆေးတိုက် အမှတ် (၁၀၅)၊ ရပ်ကွက် (၃)မြို့မ၊ ပိုင်းမော်မြို့
၁၂။	ချဲကြေလိမ်းဆေး	ရွှေဝုက်ဝင်းဆေးတိုက် စမ်းချောင်းရပ်၊ ရန်ကုန်မြို့
၁၃။	ကြာငါးခိုင်အမှတ်တံဆိပ် သွေးညှဉ်ဆေး	အမှတ်(၇၉)၊ နန့်ယင်း၊ မိုးကောင်းမြို့
၁၄။	ယောလေးပါး လေနိုင်အစာကြေလျက်ဆား	ယောလေးပါးဆေးတိုက် အမှတ် (၃၆)၊ ၁၂ ရပ်ကွက်၊ သစ္စာလမ်း၊ ကံဘဲ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
၁၅။	စိန်သော့တံဆိပ် အကိုက်အခဲပျောက်ဆေးမှုန့်	စိန်သော့ဆေးဝါးထုတ်လုပ်ရေး ၃၇ (က)၊ လမ်း (၂၀) လသာမြို့နယ်၊ ရန်ကုန်မြို့
၁၆။	သွေးတိုးကျဆေး	လိပ်စာဖော်ပြထားခြင်းမရှိ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးခန့်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူ သုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးဖြန့်ဖြူးသည့် လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမည်ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝ မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဉ်ပေးခြင်း အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၉ (အင်္ဂါနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋာန်းပါဠိတော်+မေတ္တာသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ရုတန်းဘာကြောင့်ပြုရတယ်"တရားတော်
(ဆရာတော် ဘဒ္ဒန္တနာရဒ)
၆း၄၅ သမိုင်းဝင်ရွှင်ကိုးရွှင်
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ရွှင်သန်ကလာသောနှလုံးသား" (အပိုင်း-၅)
၈း၃၀ Sunday Talk
၉း၀၅ စွဲမက်ဖွယ်ရာရတနာ(ပုလဲကျက်သရေအလှဝေ)
(အပိုင်း-၂)
၉း၃၀ နတ်လူသာခုခေါ်စေသော်ဝ
(ခေတ်သစ်စိုင်းစုခိုင်သိန်းသတိုးစော)
(ဒါရိုက်တာ-သော်ကိုကိုကျော်)
၉း၅၀ အိမ်မွေးတိရစ္ဆာန်များအတွက် တိရစ္ဆာန်ဆေးကုခန်း
၁၀း၀၅ မြန်မာ့လက်မှုပညာနှင့်အနုပညာ
၁၀း၃၀ အင်တာနက်လမ်းညွှန် (Star Net Internet)
၁၀း၄၅ ဂီတပြခန်း
(တေးသံရှင်ရဲ့တေးလက်ဆောင်-စည်သူလွင်)
၁၁း၁၅ မြန်မာပြည်ခရီးစဉ်(ဌေးဆောင်ခရီးစဉ်)
၁၁း၃၀ သင်ကြားရေးလမ်းညွှန်
(YAG ပန်းချီသင်တန်းကျောင်း)
၁၁း၅၅ တိုင်းရင်းဆေးကိုဂုဏ်မြှင့်စေမည့် Ph.D
၁၂း၁၅ တေးဂီတအစီအစဉ်
၁၂း၃၀ ချည်ခင်ချည်မျှင်ပိတ်စအသွင်
၁း၀၀ "ရုဟန်းဘာကြောင့်ပြုရတယ်"တရားတော်
(ဆရာတော် ဘဒ္ဒန္တနာရဒ)
၁း၄၅ သမိုင်းဝင်ရွှင်ကိုးရွှင်
၂း၀၀ MRTV-4 သတင်း
၂း၄၅ Fashion Music Festival (DJ)
၃း၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ
(ကမ္ဘာ့အသည်းရောင်းအမှတ်တရရေ့)
(ပါမောက္ခဒေါက်တာဦးသံစစ်၊
ဒေါက်တာဖြူဖြူကျော်သိန်း၊ဒေါက်တာချစ်သူဝေ)
၃း၄၀ Shotting Location (ဘဝတံခွန်)
၃း၅၅ Activities In The City
(LG Health Launching New Products
Line-up)
၄း၁၅ သစ်တောများမပြန်းတီးစေရာ စွမ်းအားမြင့် အေဝမ်းဗီးဖိုထုတ်လုပ်ရာ
၄း၂၀ တေးဂီတအစီအစဉ်
၄း၃၅ Say It In English
၄း၅၀ မြေလတ်တို့ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၅း၀၅ Cartoon Show Time
(Meet The Robinsons)
၅း၃၀ Sports World
(Delta United FC အသင်းမိတ်ဆက်ပွဲ)
၆း၀၀ MRTV-4 သတင်း
၆း၁၅ Fashion Music Festival (DJ)
၆း၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
၇း၀၀ World Of Knowledge
(Akashi Kaikyo Birdge)
၇း၄၅ မြန်မာပြည်ခရီးစဉ်(ဌေးဆောင်ခရီးစဉ်)
၈း၀၀ MRTV-4 သတင်း
၈း၁၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ်ပရိုဂရမ်များ
၈း၃၀ ဂီတပြခန်း
(တေးသံရှင်ရဲ့တေးလက်ဆောင်-စည်သူလွင်)
၉း၀၀ Sports World
(Delta United F.C အသင်းဒိတ်ဆက်ပွဲ)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ရွှင်သန်လာသောနှလုံးသား"(အပိုင်း-၅)
၁၀း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၀း၄၅ အိမ်မွေးတိရစ္ဆာန်များအတွက် တိရစ္ဆာန်ဆေးကုခန်း
၁၂း၀၀ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသပင်းတုပ်
၁၂း၀၅ တိုင်းရင်းဆေးကိုဂုဏ်မြှင့်စေမည့် Ph.D
၁၂း၂၅ နတ်လူသာခုခေါ်စေသော်ဝ
(ခေတ်သစ်စိုင်းစုခိုင်သိန်းသတိုးစော)
(ဒါရိုက်တာ-သော်ကိုကိုကျော်)
၁း၄၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
၂း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရုပ်ရှိမီးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြိတ်မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးပိုလ်ချုပ်ခင်ဇော်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်ရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် မေ ၉ ရက်တွင် မြိတ်မြို့ ကန်ဖားရပ်ကွက် ဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ မြိတ်မြို့ ပျိုးဥယျာဉ်၌ ပန်းအလှပင်၊ အရိပ်ရလေကာပင်များ ပျိုးထောင်ထားရှိမှုနှင့် ရာသီသီးနှံစိုက်ခင်းများ စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ အလယ်ကျွန်းရပ်ကွက် တောကျောင်းလမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆိပ်ခံဝတ်တား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(စက်မှု-၁)

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၁၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဗိသုခုတ ဆောက်လုပ်လျက်ပါနီးသည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် သံယာ့ဆေးရုံသစ်အား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၅ ရက်တွင် မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးရုံသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ ဒေါက်တာဦးရွှေသိန်းထံ လွှဲပြောင်းပေးအပ်ပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများသည် သံယာ့ဆေးရုံသစ် အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြောက်ဦးမြို့နယ်ပြည်သူများ ဆေးဝါးကုသရန်အတွက် ဆေးနှင့်ဆေးဝစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာ၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ရှေဦးစွာ ဝေသာလီကျေးရွာ မီးလင်းရေကော်မတီဝင်များက ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီး ဦးအောင်သောင်းက ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ မီးခလုတ်ကို ဖွင့်လှစ်ဖေ၍တိုင်းမှူးနှင့် ဝန်ကြီးများသည် စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝေသာလီကျေးရွာမှ ဒေသခံများနှင့် တွေ့ဆုံရာ၌ တိုင်းမှူးက ဗိုလ်ချုပ်သောင်းအေးက ရခိုင်ပြည်နယ်ကို အခြားပြည်နယ်၊ တိုင်းများနှင့် နည်းတူ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး၊ လမ်းမန်းဆက်သွယ်ရေးနှင့် ပြည်နယ်တစ်ခုလုံးရှိဒေသများ လျှပ်စစ်မီးသုံးခွဲနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းကြီးများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဝန်ကြီး ဦးအောင်သောင်းက ဝေသာလီကျေးရွာကို ကျေးရွာလျှပ်စစ်မီးရရှိအောင် စီမံဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရရှိထိန်းသိမ်းစီမံခန့်ခွဲရေးနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက်ဝေသာလီကျေးရွာမှဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ်တွင် ပထမဆုံးဖွင့်လှစ်နိုင်ခဲ့ပြီး ဝေသာလီကျေးရွာရှိ အိမ်ခြေ ၂၄၀ နှင့် ကျေးရွာလမ်းများ၌ လမ်းမီးတိုင် ၆၆ တိုင်တို့ကို မီးလင်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားနှင့် ပြည်နယ်အဆင့် စွမ်းရည်ပြိုင်ပွဲဆုပေးပွဲ မော်လမြိုင်မြို့၌ ကျင်းပ

ရန်ကုန် မေ ၁၈

၂၀၀၉ခုနှစ် မေ ၈ ရက်တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားနှင့် ပြည်နယ်အဆင့် စစ်ရေးပြန့်ငွေ့ စွမ်းရည်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို အဆိုပါနေ့တွင် မော်လမြိုင်မြို့၌ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပရာ ရွှေဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်က အမှာစကားပြောကြားပြီး **(၀ဝ)**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌထံမှ ပေးပို့သည့် သတင်္ကွာကို ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်အဆင့် စစ်ရေးပြနှင့် စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုပေးပွဲကို ကျင်းပရာ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က စစ်ရေးပြတံခွန်စိုက်ဆုရရှိသော မော်လမြိုင်မြို့နယ်အား လည်းကောင်း၊ စွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆု ရရှိသော ချောင်းဆုံမြို့နယ်အား လည်းကောင်း၊ ဘက်စုံတံခွန်စိုက်အလံရရှိသော မော်လမြိုင်မြို့နယ်အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မွန်ပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြင့်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးဒီးမှူး (ပထမတန်း) ဦးကျော်မြင့်၊ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရဲနိုအောင်ဝင်း စိန်နှင့် မော်လမြိုင်တက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက စစ်ရေးပြဆုရ ကြက်ခြေနီမောင်မယ်များ၊ တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲဆုရ ကြက်ခြေနီမောင်မယ်များ၊ နှစ်ယောက်တွဲ စွမ်းရည်ဆုရ ကြက်ခြေနီမောင်မယ်များအား ဆုများ ကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျမ်ဘိုစူပါခြင်နိုင်ဆေးပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၈

ဂျမ်ဘိုစူပါခြင်နိုင်ဆေးခွေ ပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနားကို မေ ၁၅ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်း

ရှေဦးစွာ Powerhouse ကုမ္ပဏီမှ Managing Director ဦးအောင်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍**(ယာပုံ)** Powerhouse ကုမ္ပဏီမှ General Manager ဦးမျိုးမင်းနှင့် ဂျမ်ဘိခြင်နိုင်ဆေးခွေ၏ Research & Development မှ General Manager Mr. Ridzuan တို့က ဂျမ်ဘိခြင်နိုင်ဆေးခွေသစ်၏ ထိရောက်မှုစွမ်းအားကို Live Demonstration ဖြင့် သရုပ်ပြ ရှင်းလင်းပြသကြပြီး တက်ရောက်လာသူများ၏ သိရှိ လိုသည်များကို ရှင်းလင်းပြောကြားသည်။

ကာကွယ်နိုင်

ယနေ့ ဈေးကွက်၌ မိတ်ဆက်ပေးသည့် ဂျမ်ဘိခြင်နိုင်ဆေးခွေ အသစ်၌ ဂျပန်နိုင်ငံ Sumitomo Chemical Company က တီထွင်ထုတ်လုပ်သည့် Mcto Fluthrin ဓာတုပစ္စည်းအသစ်ကို အသုံးပြုထားသဖြင့် ယခင် အသုံးပြုနေသော ဓာတုပစ္စည်းများထက် အဆ ၄၀ ပိုမိုအစွမ်းထက်ကာ ဓာတုပစ္စည်းအနည်းငယ်သာပါဝင်သဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျော့နည်းစေသည့်အပြင် ခြင်အန္တရာယ်ကို ပိုမိုထိရောက်စွာ ကာကွယ်ပေးနိုင်သည်။

ဖြန့်ဖြူးရောင်းချ

အဆိုပါ ခြင်နိုင်ဆေးခွေအသစ်ကို အရည်အသွေးပြည့်ဝသော ကုန်ကြမ်းပစ္စည်းများ၊ စနစ်ကျသော ထုတ်လုပ်မှုနည်းစနစ်များဖြင့် ထုတ်လုပ်ပြီး မှန်ကန်တိကျသော မြန်ဖြူးမှု နည်းစနစ်များကို အသုံးပြု၍ Diethelm & Co.,Ltd.မှ တစ်ဆင့် မြန်မာပြည်အနှံ့သို့ ဖြန်ဖြူးရောင်းချပေးလျက်ရှိသည်။

ဂျမ်ဘိစူပါခြင်နိုင်ဆေးခွေ အသစ်ကို အရွေ့တောင် အာရှနိုင်ငံများအတွင်း မြန်မာနိုင်ငံ၌ ပထမဦးဆုံး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်

၇း၀၅ ၂။ အဖွင့်သီချင်း

၇း၁၀ ၃။ မျိုးချစ်တပ်မတော်

၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း

၇း၃၀ ၅။ မြန်မာသံစဉ်ချိန်းဝင်

၇း၄၅ ၆။ မြန်မာ့မိုးရာသီကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်

၇း၅၀ ၇။ သာယာသင်္ကြွေ ခေတ်ဆန်းတေး

၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ

၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း

၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား

၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်

၄း၀၅ ၂။ အဖွင့်သီချင်း

၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်

၄း၂၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ

၄း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်

၄း၅၀ ၆။ မျိုးချစ်တပ်မတော်

၅း၁၀ ၇။ မြန်မာသံစဉ်ချိန်းဝင်

၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ

၅း၅၀ ၉။ သာယာသင်္ကြွေ ခေတ်ဆန်းတေး

၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း

၆း၁၀ ၁၁။ နိုင်ငံတကာသတင်း

၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ

၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်

၆း၃၅ ၁၄။ ကလေးတို့ဂဟာ ပျော်ရွှင်စရာ

၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဝတ်လွှာစိမ်းနှင့်ပန်းနှင်းဆီ (အပိုင်း-၁၉)**

၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း

၁၇။ မိုးလေဝသသတင်း

၁၈။ အမျိုးသားရေးတေးကဗျာ

၁၉။ မွေးမြူသုတ

၂၀။ ဟာသရုပ်စုံ

၂၁။ ဒွိစီဒီကျော်ကြားတေးများ

၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်

၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -တရားရှုနှင့်ကုန်ကျောင်း (အပိုင်း-၉)**

၂၄။ သင့်အတွက်မနက်ဖြန်

၂၅။ အပိတ်နှုတ်ဆက်စကား

၂၆။ ပြီးပါပြီ။

**မူးယစ်ကိုပစ်
မန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လျှုဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဘုဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ဌက်ပျော်ဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁၀ပေ× ၁၀ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀ ရှူန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁၀ပေ× ၁၀ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀ ရှူန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

နိကာယ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၀၉ခုနှစ် နိကာယ်စာမေးပွဲကို ဇွန် ၉ရက်မှ ၁၃ရက်အထိ ငါးရက် တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာန များ၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲကျင်းပစဉ်အတွင်း သတ်မှတ်ထားသောအုပ်စုအသီးသီးတွင် ပါဝင်သော ပြဌာန်းချက်ကျမ်းစဉ်များအလိုက် နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည် ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အာဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

နေပြည်တော် မေ ၁၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာန ပေါင်း ၁၂၄ဌာနတို့၌ ဖြေဆိုသူ ၁၉၁၂၀၊ အောင်မြင်သူ ၁၀၄၉၀၊ နှစ်ဆုံးပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၈၅၂ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်-၁၃၅၊ မောင်ထင်ထွဋ်၊ ဒဂုံဆိပ်ကမ်း စာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်-၁၃၅၊ မောင်ဝင်းထွဋ်၊ ဒဂုံဆိပ်ကမ်း စာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်-၁၃၅၊ မောင်ဝိုင်းညီဇော်လှအောင်၊ နတ်ရောက် စာဖြေဌာန၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း၊ တစ်ပြည်လုံး တတိယ ခုံအမှတ်-၁၆၊ မောင်ဃော့မ်ဟုန်းထန်း နတ်ရောက် စာဖြေဌာန အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၆ဌာနတို့၌ ဖြေဆိုသူ ၈၄၇၇ဦး၊ အောင်မြင်သူ ၂၈၂၈ဦး၊ နှစ်ဆုံးပေါက်သုံးဆင့်လုံးအောင်မြင်သူ ၆၆၅ဦး ရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်-၇၀၊ မောင်ထန်းကီး ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး တတိယ ခုံအမှတ်-၉၀ မောင်ကျော်ဦး ဒဂုံမြို့သစ်ဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာန ပေါင်း ၇၇ ဌာနတို့၌ ဖြေဆိုသူ ၂၃၆၉ဦး၊ အောင်မြင်သူ ၁၁၅၃ဦး၊ နှစ်ဆုံးပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၄၉ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိကြသူများမှာ တစ်ပြည်လုံး ပထမ ခုံအမှတ်-၁ ဒေါ်နိုင်နိုင်မော် တာမွေ စာဖြေဌာန တာမွေမြို့နယ် ရန်ကုန်တိုင်း၊ တစ်ပြည်လုံး ဒုတိယ ခုံအမှတ်-၄ မစန္ဒမာလာ ပြွန်တန်ဆာစာဖြေဌာန ပြွန်တန်ဆာမြို့ ပဲခူးတိုင်းတို့ ဖြစ်ကြသည်။

အောင်စာရင်းအပြည့်အစုံကို မြို့နယ်သံဃနာယကအဖွဲ့များ၊ ပြည်နယ်/တိုင်း သာသနာရေးရုံးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး များတွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ်ကမ္ဘာ့လူငယ် အလေးမတ်ခွန်စိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် မေ ၁၈

ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ မေ ၁၉ရက်မှ ၂၄ရက်အထိ ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့လူငယ် အလေးမတ်ခွန်စိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် မြန်မာလူငယ်အလေးမအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာလူငယ်အလေးမအဖွဲ့တို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် တွဲဖက်အတွင်း ရေးမှူး ဦးဌေးဝင်းက အဖွဲ့ခေါင်းဆောင်အဖြစ်လိုက်ပါပြီး ဒေါ်ဝင်းဝင်းမော်က နည်းပြအဖြစ်လည်းကောင်း၊ အားကစားသမားများအဖြစ် ကေဒိုင်(ရန်ကုန်မြို့တော်စည်ပင်)၊ မဒေးဆို(အား/ကာသိပ္ပံ-မန္တလေး)နှင့် မိုးသူဇ(အား/ကာသိပ္ပံ-ရန်ကုန်)တို့က လည်းကောင်း ပါဝင်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ အလေးမအဖွဲ့ချုပ်က ဒိုင်လူကြီးအဖြစ် ရွေးချယ်ခန့်အပ် တာဝန်ပေးအပ်ခြင်းခံရသော အပြည်ပြည်ဆိုင်ရာ အလေးမ ဒိုင်လူကြီး အဆင့်(၁) မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေလည်း လိုက်ပါသွားကြကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၈

"သမီးလေးမွေးဖွားပေးလိုက်တဲ့ နန္ဒာလှိုင်၊ ရေဆာတွေ့သုံးကား အဝေးပြေးလမ်း၌ စမ်းသပ်နေ"သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၇၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး မျက်လုံးတော်ဖွင့်ခဲ့ခြင်းမှာ ကောလာဟလသာဖြစ်ဟုဆို၊ မြန်မာနိုင်ငံ နယ်စပ်မှ နိုင်ငံခြားဗုံးများကိုင်ဆောင်မှု အရေးယူသင့်၊ မြန်မာလေဆိပ် တည်ဆောက် ရေးစီမံကိန်း ဩစတြေးလျကုမ္ပဏီ ပါဝင်ရန်ကြိုးပမ်း၊ ပြည်တွင်းဆားစေးကွက်၊ ကားပေါ်သို့တက်စဉ် ခြေချော်ကြိုးနောက်ပြန်ပြုတ်ကျရာမှ လူတစ်ဦးသေဆုံး၊ ချက်ဗဒ္ဓိက တောင်အာရှ၌ ရင်းနှီးမြှုပ်နှံမှုဆက်လုပ်မည်၊ အလုပ်အကူလုပ်သူစာရပ်ပွဲထိုးက အလို မတူဘဲ သားမယားပြုကျင့်၊ မြန်မာဆန် တိုက်ရိုက်ဝယ်ယူရေး ဆူးနဲသံအမတ်ကြီးနှင့် တာဝန်ရှိသူများဆွေးနွေး၊ နေပြည်တော်တွင် လေပြင်းများ တိုက်ခတ်မှုကြောင့် စည်ပင်ဧည့်ရိပ်သာအနှိုးမှ ခေါင်းမိုးအချို့လန်သွားပြီး တံခါးမှန်များကွဲခဲ့၊ ငါးပစ္စန်အစာ စေးနှုန်းမှာ သင်္ကြန်နောက်ပိုင်းအနည်းငယ်ကျဆင်းလာသည့်အတွက် မွေးမြူရေး လုပ်ငန်းရှင်များ အသက်ရှူချောင်သွား၊ ထောက်ကြန့်စေးဟောင်းမြို့ချောင်လမ်းနှင့် ရန်ကုန်-ပဲခူးလမ်းထောင့်သို့ ရွှေ့ပြောင်းမည်၊ ပူလိုက် အေးလိုက်ကားစေးကွက်၊ မန္တလေးလေဖြင်းကြောင့် မြတောင်ကျောင်းတိုက်မြောက်ဘက်ရှိ ညောင်ပင်အိုကြီး အုပြစ်မှကျွတ်ထွက်၊ ရွှေစေးနှုန်းများကို SMS စနစ်ဖြင့် အခမဲ့ပေးပို့မှု ရွှေဆိုင်များကပြုလုပ်လာ၊ မိဘကျေးဇူး ဆပ်သော အဆိုတော်ဂျင်းနီ၏အလှူပွဲ၊ သရဖီဆောင်ပိုဖိုမြင့်အောင်၏ လက်ထပ်မင်္ဂလာပွဲ၊ ဆေးဆိုးထားသောဘေါ်ဒီများ ရောင်းချခြင်းကို စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ်သုံးနှစ်ဖြစ်ဒဏ်ခံရမည်၊ ဆရာကြီး မင်းသိခ်၏ အယူတော်မင်္ဂလာဦမှာလေးများအတွက် ပညာရေးအထောက်အကူပြု အလှူပွဲ၊ ဆင်မလိုက်သဘော်ကျင်းမှ လုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံး၊ စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးဆက်လက် ထစ်ချန်းရွာနိုင်

ရန်ကုန် မေ ၁၈

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် ဒေသအလိုက်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြိုးခဲ့သည်။ **နေ့အပူချိန်များမှာ** ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ဧရာဝတီတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်ရိတ်မှ ဖြစ်ကြသည်။ **မုတ်သုန်ဖွယ်ရာ မိုးရေချိန်များမှာ** နောင်ဘွဲ့မြို့တွင် ၃၁သမ္မ ၅၀လက်မ၊ မန္တလေးမြို့တွင် ၂၃သမ္မ ၉၀လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၂၃သမ္မ ၆၄လက်မ၊ ရွှေဘိုမြို့တွင် ၂၃သမ္မ ၂၈လက်မ၊ ပြင်ဦးလွင်မြို့တွင် ၂၃သမ္မ ၂၄လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ၁၁သမ္မ ၂၀လက်မ၊ တောင်ငူမြို့တွင် ၁ ၁၁သမ္မ ၆၁လက်မ၊ ကော့သောင်းမြို့နှင့်စစ်ကိုင်းမြို့တို့တွင် ၁ ၁သမ္မ ၂၆ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၁၉ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်း၊ ။ မုတ္တမကွေ့မွန်-တနင်္သာရီကမ်းမိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျရောင် ရေပြင်ပေပြင်လေသည့် တစ်ခရီးလျှင် ၃၅မိုင်ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ပိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချန်းရွာမည်။ ရွာရန် ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၅-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ တောင်တန်းသာသနာမြို့ ဆရာတော်ကြီး၏ ပရိတ်တရားတော်

၆း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၆း၃၀ ၃။ နံနက်ခင်းသတင်း

၆း၄၀ ၄။ သံသာချိဒေးမင်္ဂလာတေး

၇း၅၀ ၅။ အတိုးပြိုင်ပွဲ

၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားဖိုးရာအက

၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ

၈း၂၀ ၈။ စစ်တေးတံတား(မုပွလင်)

၈း၃၀ ၉။ International News

၈း၄၅ ၁၀။ "မြင်ကွယ်ရာ" (မောင်မောင်ဦဦး၊ မောင်မောင်ဆိုးသန်းမူတူ) (ဒါရိုက်တာ-မောင်မောင်မြင့်)

၉း၁၀ ၁၁။ အစီအစဉ်ပြီး။။

ညပိုင်း

၄း၀၀ ၁။ စစ်ခရီးတေး၊ စစ်သည်တေး

၄း၁၀ ၂။ အကပြိုင်ပွဲ

၄း၂၀ ၃။ တေးဂီတအစီအစဉ်

၄း၃၅ ၄။ "အား နာတယ်" (ခန့်စည်သူ၊မိုးပြည်ပြည်မောင်၊ ဧရာဝတီမိုးမိုးခိုင်) (ဒါရိုက်တာ-ဖုန်းခြင်အောင်)

၄း၅၀ ၅။ ကြေးစုံရိပ်သွင်တေးနယ်ဖွင့်

၅း၁၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးမြင်သံကြားသင်ခန်းစာ -ပထမခန့် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)

၅း၂၀ ၇။ မိုးခုရံစိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၅း၃၀ ၈။ တေးဂီတအစီအစဉ်

၅း၅၅ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွယ်ကြွယ်အိတ်

၆း၀၀ ၁၀။ ညနေခင်းသတင်း

၆း၁၀ ၁၁။ မိုးလေဝသအခြေအနေ

၆း၁၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ

၆း၅၀ ၁၃။ ဆိုလိုက်ကြစို့

၇း၁၅ ၁၄။ **နိုင်ငံခြားစာတော်ဝန်းတွဲ "သမက်အလိုရှိသည်" (အပိုင်း-၆)**

၈း၀၀ ၁၅။ ပြည်ထွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားစာတော်ဝန်းတွဲ "ချစ်သွယ်စဉ်" (အပိုင်း-၁၇)**

၁၉။ အစီအစဉ်ပြီး။။

အမေရိကန်နိုင်ငံသား Mr. John William Yettaw ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အား အမှုဖွင့် စစ်ဆေးကြားနာ

နေပြည်တော် မေ ၁၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် တဇွတ်သိုလ်ရိပ်သာလမ်း ၆၃အမှတ် (၅၄/၅၆)နေ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇အရ ၎င်း၏ မူလအခွင့်အရေးများကို ကန့်သတ်မိန့်ထုတ်ပြန်၍ ပုဒ်မ ၁၀(က)အရ ဖမ်းဆီးချုပ်နှောင်မိန့်၊ ပုဒ်မ ၁၀(ခ)/၁၁တို့အရ တားဆီးမိန့်နှင့် ပုဒ်မ ၁၃/၁၄တို့အရ ဆက်လက်တားဆီးမိန့်များ ထုတ်ပြန်ပြီး ကန့်သတ်တားဆီးထားခဲ့သည်။

ထိုသို့ ကန့်သတ်မိန့်၊ တားဆီးမိန့်များထုတ်ပြန်၍ တားဆီးထားစဉ် အတွင်း ဒေါ်အောင်ဆန်းစုကြည်နေထိုင်သည့် တားမြစ်ကန့်သတ်ထားသည့်နေရာ အိမ်ခြံဝင်းအတွင်းသို့ အမေရိကန်နိုင်ငံသား Mr. John William Yettaw သည် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက် ညအချိန်တွင် ခြံအနောက်ဘက် အင်းလျားကန်အတွင်းမှ ရေကူးပြီး သွားရောက်ကာ ခြံဝင် ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမတို့နှင့်တွေ့ရှိ၍ Book of Mormon အမည်ရှိ စာအုပ်ကို ဒေါ်အောင်ဆန်းစုကြည်ဖတ်ရှုရန် နေအိမ်ခြံဝင်းအတွင်း ချထားပေးခဲ့ကြောင်း၊ အလားတူ ၂၀၀၉ ခုနှစ် မေ ၃ ရက် ညအချိန်တွင် အင်းလျားကန်အတွင်းမှရေကူးပြီး ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ တိတ်တဆိတ်ဝင်ရောက်ခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က Mr. John William Yettaw နှင့် လက်ခံစကားပြောဆိုခဲ့ခြင်း၊ အစားအသောက်များ ကျွေးမွေးခြင်းတို့ကို ပြုလုပ်ပြီး မေ ၅ ရက် ညအချိန်အထိ နေအိမ်အတွင်း နေထိုင်ခွင့်ပြုခဲ့ကြောင်း၊ ဒေါ်ခင်ခင်ဝင်းနှင့်မဝင်းမမတို့ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်မှုအပေါ် အားပေးကူညီမှုပြုခဲ့ကြောင်း၊ သို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့, သတင်းတပ်ဖွဲ့,ဗျူရုံးမှ ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က တရားလိုပြုလုပ်၍ ကန့်သတ်မိန့်နှင့် တားဆီးမိန့်အား လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သူ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရလည်းကောင်း၊ ထိုသို့ ဖောက်ဖျက်ကျူးလွန်သူကို အားပေးကူညီခဲ့ကြသည့် ဒေါ်ခင်ခင်ဝင်း၊ မဝင်းမမနှင့် Mr. John William Yettaw တို့ သုံးဦးအား ယင်းဥပဒေပုဒ်မ ၂၂/ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ပြည်ဝင်ဗီဇာဖြစ်သော ကမ္ဘာ့လှည့်ပိဇာဖြင့် လာရောက်ခဲ့သော်လည်း ဥပဒေအရ ကန့်သတ်တားဆီးထားသော စည်းကမ်းသတ်မှတ်ချက်ကိုဖောက်ဖျက်ခဲ့သူ Mr. John William Yettaw အား လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁)အရ အမှုဖွင့် အရေးယူပေးပါရန် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ (၀၆)၃၀၁/ ၂၀၀၉ခုနှစ် (၀၆)၃၀၂/ ၂၀၀၉ တို့အရ တိုင်ကြားခဲ့သည်။

ထို့အတူ မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ထူးကလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေပေးရေးနှင့် သန့်ရှင်းမှုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ (၄၀)အရ ပြဋ္ဌာန်းထားသည့် ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ အင်းလျားကန်အတွင်း ရေကူးခြင်းမပြုရန် တားမြစ်ချက်ကို ဖောက်ဖျက်ခဲ့သူ Mr. John William Yettaw အား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၈ အရ အရေးယူပေးပါရန် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည်။

အဆိုပါ တရားစွဲဆိုလျှောက်ထားမှုနှင့် စပ်လျဉ်း၍ ခရိုင်တရားသူကြီး ဦးသောင်းညွှန့်နှင့် ဦးညီညီမိုးတို့ရုံးထိုင်သည့် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးက ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တရားစွဲတင်ပို့သည့် အမှုများနှင့် မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးက ဦးတိုက်လျှောက်ထားမှုတို့ကို မေ ၁၄ ရက်တွင် ပြစ်မှုကြီးအမှတ် ၄၇/ ၂၀၀၉၊ ၄၈/ ၂၀၀၉ နှင့် ၄၉/ ၂၀၀၉တို့အရ အမှုလက်ခံဖွင့်လှစ်ပြီး စစ်ဆေးကြားနာခဲ့သည်။ ထိုနေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးမြင့်ကြိုင်က အဆိုပါအမှုများ တရားစွဲဆိုရခြင်းနှင့်စပ်လျဉ်း၍ တရားရုံးမှပို လျှောက်ထားတင်ပြသည်။ ခရိုင်တရားရုံးက ဥပဒေအရာရှိ၏ လျှောက်ထားချက်ကို ကြားနာပြီးနောက် တရားခံများအား ရှေ့နေဖြင့် ထုချေနိုင်ကြောင်း အသိပေးကာ အမှုစစ်ဆေးရန် မေ ၁၈ ရက်သို့ ရွှေ့ဆိုင်းခဲ့သည်။

ယနေ့တွင် တရားခံများ ရုံးရှေ့ရောက်ရှိလာပြီး တရားခံ ဒေါ်အောင်ဆန်းစုကြည်အတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ် ရှေ့နေများဖြစ်ကြ သော ဦးကြည်ဝင်း၊ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်တို့က လည်းကောင်း၊ ဒေါ်ခင်ခင်ဝင်းအတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ်ရှေ့နေများ ဖြစ်ကြသော ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်၊ ဦးဉာဏ်ဝင်းတို့က လည်းကောင်း၊ မဝင်းမမအတွက် လိုက်ပါဆောင်ရွက်ရန် တရားရုံးချုပ် ရှေ့နေများဖြစ်ကြသော ဒေါ်ခင်ဌေးကြွယ်၊ ဦးလှမျိုးမြင့်တို့က လည်းကောင်း၊ တရားခံ Mr. John William Yettaw အတွက် လိုက်ပါဆောင်ရွက်ရန် အထက်တန်းရှေ့နေ ဦးခင်မောင်ဦးက လည်းကောင်း ရှေ့နေကိုယ်စားလှယ်လွှဲစာများ တင်သွင်းခဲ့ကြသည်။ တရားရုံးက အမှုကိုဆက်လက် စစ်ဆေးရာ ညနေ ၃ နာရီအထိ အမှုတစ်မူစီအတွက် တရားလိုပြသက်သေ တစ်ဦးစီအား စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရာသီသီးပင်နှင့် နှစ်ရှည်သီးနှံစိုက်ပျိုးဒေသအထွက်တိုး၍ စားနပ်ရိက္ခာဖူလုံ

သတင်းနှင့်ဓာတ်ပုံမှတ်တမ်း - ကြေးမုံခင်

မဖွံ့ဖြိုးသေးသောဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားစေရန်နှင့် ဓောတ်မိစိုက်ပျိုးနည်းစနစ်များကို စံနမူနာပြ ဆောင်ရွက်ရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ပဂုလိက စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ထူထောင်လျက်ရှိသည်မှာ အားရစရာပင် ဖြစ်သည်။

ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာတွင် နှစ်ရှည်ပင်နှင့် ရာသီသီးနှံစိုက်ကွင်းများကို ထူထောင်ထားသည်။ ရာသီသီးနှံစိုက်ကွင်းကို ၂၀၀၅ ခုနှစ် မေလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စီမံကိန်းအရ မြေလွတ်၊ မြေလပ်မြေရိုင်းဧက ၈၀၀၀ ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ ယခုအခါ ဖော်ထုတ်ပြီး မြေနေရာများ၌ စိန်တစ်လုံးသရက်၊ ရင်ကွဲသရက်၊ တညင်းအပါအဝင် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့မြင်ခဲ့ရသည်။

ဆက်လက်၍ ရာသီသီးနှံများဖြစ်သည့် အစေ့ထုတ်ပြောင်း၊ ပဲမည်း၊ ပဲကြီး၊ မြေပဲ၊ ပန်းနှမ်းနှင့် နေကြာတို့ကိုလည်း စိုက်ပျိုးလျက်ရှိသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးဧက ၈၀၀၀ အပြည့်အဝဖော်ထုတ်ပြီး နှစ်ရှည်သီးနှံနှင့် ရာသီသီးနှံများ အပြည့်အဝ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၅ ကော်လံ ၄ သို့** ❑

ရပ်စောက်မြို့နယ် တပ်ဦးကျေးရွာအနီးတွင် ရော်ဘာစိုက်ကွင်းအတွင်းရှိ ရော်ဘာပင်ကို အရိပ်ရအောင်အဖြစ် စိုက်ပျိုးပြီး ကော်ဖီပင်များ ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့ရစဉ်။

ယနေ့မိုးလေဝသ

(၁၉.၅.၂၀၀၉)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

အသီးဖျော်ရည် နေ့စဉ်သောက်သုံးခြင်းသည် အဝလွန်ခြင်း၊ လေဖြတ်ခြင်းတို့ကို လျော့နည်းစေနိုင်

အင်တာနက် ကျန်းမာရေးသတင်း

ဘာသာပြန်- မောင်ဇော်

ဝါရှင်တန် မေ ၁၈

နေ့စဉ်နံနက်တိုင်း ရာနှုန်းပြည့် အသီးဖျော်ရည် တစ်ခွက်ကို သောက်ပါက အဝလွန်ခြင်း၊ လေဖြတ်ခြင်း၊ နှလုံးရောဂါဖြစ်ပွားခြင်းနှင့် ဆီးချိုရောဂါ ဖြစ်ပွားခြင်းတို့ကို လျော့နည်းစေနိုင်သည်ဟု လေ့လာမှုအသစ်တစ်ခုက အင်တာနက်သတင်းတွင် ဖော်ပြသည်။

လေ့လာမှုကို အရွယ်ရောက်ပြီးသော အမျိုးသား၊ အမျိုးသမီးများဖြင့် ပြုလုပ်ခဲ့ရာ အသီးဖျော်ရည် ပုံမှန်သောက်သူများ၌ ထူးခြားမှုများတွေ့ရသည်။ ၎င်းတို့သည် အဆီနည်းသောသူများဖြစ်ကြောင်း၊ အင်ဆူလင် တုံ့ပြန်နိုင်မှု အားကောင်းသူများဖြစ်ပြီး အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ ကိုလက်စထရောများခြင်းတို့ကို လျော့နည်းစေနိုင်သည်ကို တွေ့ရှိခဲ့ကြသည်။

အသီးဖျော်ရည် နေ့စဉ် သောက်သုံးသူနှင့် မသောက်သောသူတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြရာ သောက်သောသူတို့၏ ကိုယ်အလေးချိန် လျော့နည်းသွားခဲ့ကြောင်း၊ ခန္ဓာကိုယ်ခါးပိုင်း အတိုင်းအတာမှာလည်း လျော့ကျသွားကြောင်း မင်နီဆိုတာတက္ကသိုလ် ရောဂါထိန်းချုပ်ရေးဌာနမှ ဒေါက်တာပီရိယာနှင့် ဒေါက်တာဗစ်တာဖူဂိုနီတို့က တွေ့ရှိခဲ့ကြသည်။

အသီးဖျော်ရည် ပုံမှန်သောက်သော ၂၀ ရာခိုင်နှုန်းသည် အဝလွန်မှု **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✻